နိဗ္ဗာန သစ္ဆိကိရိယာ စ ဧတံ မင်္ဂလ မုတ္တမံ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်၊ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၁)၊ အမှတ် (၁၅၉)

## တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့်ပြည်ထောင်စုစိတ်ဓာတ်

စီမံကိန်းကြီး(၃)ရပ် အပြန်အလှန်အကျိုးပြုဖြစ်ထွန်းပြီး ပြည်ထောင်စုကြီး တစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များ ပြည်သူများအကြား ပိုမိုထွန်းကားပြန့်ပွားလာမည်။



နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၅/၂၀၀၄) သို့ တက်ရောက်ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)



# နိုင်ငံတော်အကြီးအကဲကိုယ်တိုင်ဦးစီးဦးဆောင်ပြု၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းအရေးပါမှု ပေါ်လွင်ထင်ရှား ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတော်အစိုးရကကြိုးပမ်းဆောင်ရွက်နေ

# စီမံကိန်းများအောင်မြင်လာသည်နှင့်အမျှ တိုင်းရင်းသားများ အစိုးရအပေါ် ယုံကြည်အားကိုးမှုခိုင်မာလာ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကြီးအောင်မြင်ဖြစ်ထွန်းစေရေး တာဝန်ရှိသူအားလုံးတက်ညီလက်ညီကြိုးပမ်း

**ရန်ကုန် စက်တင်ဘာ ၂၅**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး(၅/၂၀၀၄)ကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ *



**နယ်စပ်ဒေသ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ပန်ဆန်း (ပန်ခမ်း)မြို့၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းကို ဤသို့ အိုးအိမ် အဆောက်အအုံများ စည်ကားစွာတွေ့ရသည်။**
(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

# အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

## မူးယစ်ဆေးဝါးအန္တရာယ် မြန်မာ့မြေပေါ်မှ အပြီးတိုင်ပပျောက်ရေး ရရှိထားသော အောင်မြင်မှုများကို ဆက်လက်မြှင့်တင်ဆောင်ရွက်

မူးယစ်ဆေးဝါးအန္တရာယ်သည် နိုင်ငံတစ်ခုအတွက်သာမက ကမ္ဘာတစ်ဝန်းလုံးအတွက်ပါ အရေးကြီးသည့် ဘုံရန်သူပင်ဖြစ်သည်။ ယင်းအန္တရာယ်သည် ကမ္ဘာ့လူသားအားလုံးနှင့် သက်ဆိုင်သဖြင့် နိုင်ငံများအားလုံး အမျိုးသားရေးအသွင်ဖြင့် လက်တွဲပူးပေါင်း၍ ကမ္ဘာမြေပေါ်မှ လုံးဝပပျောက်သွားသည်အထိ ဝိုင်းဝန်းတိုက်ဖျက်ကြရမည့် လုပ်ငန်းဖြစ်သည်။

အဆိုပါ မူးယစ်ဆေးဝါး ပြဿနာသည် အမှန်စင်စစ် မြန်မာနိုင်ငံ၌ စတင်ပေါ်ပေါက်လာသော ပြဿနာမဟုတ်ဘဲ ကိုလိုနီနယ်ချဲ့လက်ဟောင်းများက တိုင်းတစ်ပါးမှ တင်သွင်းလာသော ပြဿနာဖြစ်သည်။ ယနေ့အချိန်အခါ၌ ကိုလိုနီနယ်ချဲ့လက်သစ်များက သမိုင်းကြောင်းကို လျစ်လျူရှုပြီး မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပြဿနာ ကြီးမားနေသယောင် ယိုးမယ်ဖွဲ့၍ လက်ညှိုးထိုး စွပ်စွဲလျက်ရှိသည်။

မြန်မာနိုင်ငံ သူ့ကျွန်ဘဝရောက်ရှိခဲ့စဉ်က ကိုလိုနီနယ်ချဲ့များသည် နယ်စပ်ဒေသများရှိ အသိအမြင်နည်းပါးသော တိုင်းရင်းသားပြည်သူများကို မူးယစ်ဆေးဝါးသံသရာ၌ ရေစုန်မျောအောင် ဖန်တီးလုပ်ဆောင်ခဲ့ကြသည်။ အဆိုပါ အတိတ်၏ဆိုးမွေများကို ခေတ်အဆက်ဆက် အစိုးရများက တစိုက်မတ်မတ် တိုက်ဖျက်ခဲ့ကြသည်။ ယနေ့ကာလတွင် မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများသည် ယခင်ခေတ်ကာလနှင့်မတူ ပိုမို၍ ထူးထူးခြားခြား တိုးတက်ဖြစ်ထွန်းနေသည်ကို မျက်ဝါးထင်ထင် မြင်တွေ့နေရသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စက်တင်ဘာလ ၂၄ ရက်နေ့က ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်၌ ပြုလုပ်သော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အထူးအစည်းအဝေး (၂/၂၀၀၄)သို့ တက်ရောက်၍ ဆွေးနွေးမှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားရာတွင်–

**"မိမိတို့အစိုးရအနေဖြင့် မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းများကို အပေါ်ယံကြော သက်သက် မျက်နှာပန်းလှရုံဆောင်ရွက်နေသည်မဟုတ်ဘဲ အချိန်ကာလတစ်ခုတွင် မြန်မာ့မြေပေါ်မှ မူးယစ်ဆေးဝါးဆိုးမွေများ အပြီးတိုင် ပျောက်ကွယ်သွားစေရမည်ဆိုသည့် ယုံကြည်ချက်၊ ခံယူချက်၊ ရည်မှန်းချက်ဖြင့် ခိုင်မာတိကျစွာ ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်သည့်အတွက် မည်သူ၏ နှောင့်ယှက်ဟန့်တားမှုများ၊ စွပ်စွဲပြောဆိုမှုများရှိသည်ဖြစ်စေ မိမိတို့၏ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမည်ဟု အခိုင်အမာယုံကြည်ထားပြီး ဖြစ်ကြောင်း"**

ပြောကြားသွားသည်။

မျက်မှောက်ကာလတွင် ကိုလိုနီလက်သစ် အနောက်နိုင်ငံကြီးများသည် မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးစနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် စွက်ဖက်ခြယ်လှယ်နိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိအောင် ကြိုးပမ်းအားထုတ်နေသည့် အချိန်အခါဖြစ်သည်။ ယင်းအခြေအနေတွင် အနောက်နိုင်ငံကြီးများသည် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ဩဇာလွှမ်းမိုး ခြယ်လှယ်နိုင်ရေးအတွက် နည်းမျိုးစုံသုံး၍ ဖိနှိပ်စွက်ဖက်နေသည်။ မြန်မာနိုင်ငံအပေါ်တွင် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုစသည့် စွပ်စွဲချက်အမျိုးမျိုးကို အသုံးပြုပြီး နည်းလမ်းမျိုးစုံဖြင့် ဖိအားပေးလုပ်ဆောင်လျက် ရှိသည်။

မည်သို့ပင် ဖိအားပေးလုပ်ဆောင်နေစေကာမူ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် နယ်စပ်ဒေသနှင့် နယ်စပ်ဒေသနေ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဘဝ အခြေခံများတိုးတက်မြင့်မားရေး၊ ပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးစသည့် နယ်ပယ်စုံ၊ ကဏ္ဍစုံ၌ ဆက်စပ်လွှမ်းခြုံ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်ရာတွင် အမြင်ချင်းတူညီသော၊ သဘောထား ခံယူချက်ချင်းတူညီသော၊ မည်သည့်ကမ္ဘာ့နိုင်ငံများနှင့်မဆို၊ မည်သည့်နိုင်ငံတကာအဖွဲ့အစည်းများနှင့်မဆို လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်ဟု သဘောထားအမြင် ခံယူထားပြီးဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် မည်သူ၏ ပူးပေါင်းပါဝင်မှုအားကို ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မူးယစ်ဆေးဝါးဆိုးမွေကြီးကို မြန်မာ့မြေပေါ်မှ အပြီးတိုင်ပပျောက်စေရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုအားကိုရယူပြီး ရရှိထားသော အောင်မြင်မှုများကို ဆက်လက်မြှင့်တင် ကြိုးပမ်းဆောင်ရွက်သွားမည်သာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

၂၆–၉–၂၀၀၄
(တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ကံလေးမျိုးတရားတော်"**

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Subsidary of Induction (ဒဿနိက၊ အင်္ဂလိပ်စာ၊ ဥပဒေ၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်း)
၄:၃၀ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၁။ မြန်မာ့ရှုခင်း
၆:၄၀ ၁၂။ လျှပ်တစ်ပြက်
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရေသူမလေးရဲ့အချစ်"** (အပိုင်း–၁)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၆။ လျှပ်တစ်ပြက်
၁၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၁၈။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၉။ English Premier League ဘောလုံးပွဲ Porsmouth hVs Everton

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပုဂံရွှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရွှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။
(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဖိုတ်မသုန် အကောင်အထည်ဖော်သွားမည်။
(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။
(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။
(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။
(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

## ဆုချီးမြှင့်

**စက်တင်ဘာ ၁၉ရက်က ရန်ကုန်တိုင်း တာမွေမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဦးရည်က အာဆီယံ ဉာဏ်စမ်းတိုင်းအဆင့်ဆုနှင့် ခြောက်ဘာသာဂုဏ်ထူးရှင် မဆုမွန်ဖြိုးမောင်အား ဆုချီးမြှင့်စဉ်။** (က–ပ)





**ရန်ကင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုနှင့် ဆရာ ဆရာမများ ဦးစီး၍ အာဟာရ ရက်သတ္တပတ်အဖြစ် စက်တင်ဘာ ၁၅ ရက်က ကျွေးမွေးရာ ပဉ္စမတန်းကျောင်းသူကျောင်းသားများအား အလှူရှင် မောင်ဆန်းလင်းနိုင်က အာဟာရမုန့်ဘူးဖြင့် ကျွေးမွေးစဉ်။** (က–ပ)

## ဇလွန်မြို့နယ်အသင်း(ရန်ကုန်) သံဃဒါနဆွမ်းလောင်းလှူ

**ရန်ကုန် စက်တင်ဘာ ၂၅**

ဇလွန်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၈)ကြိမ်မြောက် သံဃဒါနဆွမ်းလောင်းလှူပွဲကို ဇလွန်မြို့တွင် ဝါဆိုဝါကပ်တော်မူကြသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်အပါး ၇၀၀ ကျော်တို့အား အောက်တိုဘာ ၁၇ရက် နံနက်တွင် သံဃဒါနဆွမ်းလောင်းလှူကြမည် ဖြစ်သည်။

အသင်းသား အသင်းသူများနှင့် စေတနာရှင်များသည် အသင်းဥက္ကဋ္ဌ ဦးလှမြင့်(ကေသီပန် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး) ဖုန်း–၅၁၀၃၆၇ နှင့် ၅၁၀၆၁၇၊ အတွင်းရေးမှူး ဦးညွန့်မောင် ဖုန်း–၅၄၀၂၇၈၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဘမြင့်သူ ဖုန်း–၆၁၀၀၀၄ နှင့် ဦးသိန်း ဖုန်း–၅၈၄၁၉၁ တို့သို့ အောက်တိုဘာ ၁၀ရက်အထိ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

# အီရတ်ကိုအမေရိကန်နှင့်အပေါင်းပါများ ကျူးကျော်တိုက်ခိုက်မှု နိုင်ငံတကာဥပဒေအား ဆန့်ကျင်ချိုးဖောက်ခြင်းဖြစ်ကြောင်း ဂေါ်ဘာချက်ဗ်ပြောကြား

လန်ဒန် စက်တင်ဘာ ၂၄

**ယခင်ဆိုဗီယက်ခေါင်းဆောင် မီခေးလ်ဂေါ်ဘာချက်ဗ်သည် ဗြိတိန်နိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ရာ အီရတ်နိုင်ငံကို အမေရိကန်နှင့် အပေါင်းပါနိုင်ငံများ ကျူးကျော်ဝင်ရောက်ခြင်းသည် အမှားကြီးမှားကြောင်း၊ နိုင်ငံတကာဥပဒေကိုလည်း ဆန့်ကျင်ချိုးဖောက်ခြင်းဖြစ်ကြောင်း ပြစ်တင်ဝေဖန်ခဲ့သည်။**

အီရတ်ကို အမေရိကန်နှင့် အပေါင်းပါနိုင်ငံတို့သည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အမိန့်အာဏာမရရှိဘဲ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းလုပ်ရပ်သည် အမှားကြီးမှားကြောင်း၊ ဒီမိုကရေစီကို ဖျက်ဆီးခြင်းဖြစ်ကြောင်း ဂေါ်ဘာချက်ဗ်က ပြောဆိုသည်။

**ပြောကြား**

ဂေါ်ဘာချက်ဗ်သည် အဖျက်စွမ်းအား ကြီးမားသောလက်နက်များ၏ အန္တရာယ်ကို လူများပိုမိုသတိပြုမိစေရန် ရည်ရွယ်ပြီးကျင်းပသည့် စည်းရုံးလှုံ့ဆော်ပွဲတစ်ခု၌ မိန့်ခွန်းပြောကြားရာတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ ဂေါ်ဘာချက်ဗ်က နျူကလီးယားလက်နက်များ သိုလှောင်သိမ်းဆည်းထားသည့် နိုင်ငံများအနေဖြင့် ထိုအစွန်းရောက်သမားတို့လက်ထဲမရောက်စေရန်အတွက် လက်နက်များဖျက်ဆီးပစ်ကြရန် မေတ္တာရပ်ခံလိုက်သည်။ အဖျက်စွမ်းအားကြီးမားသော လက်နက်များကို အစွန်းရောက်သမားတို့ အသုံးပြုခွင့်ရရှိမည်ဆိုလျှင် ခြိမ်းခြောက်မှုသည် ဘေးဒုက္ခအန္တရာယ်ကြီးဖြစ်လာလိမ့်မည်ဟု ၎င်းကပြောကြားသည်။**(အင်တာနက်)**



**စောင့်ကြပ်**

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် လုံခြုံရေးစောင့်ကြပ်နေသော အီရတ်ပြောက်ကျားများကို စက်တင်ဘာ ၂၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# တောက်တိုမည်ရ ပစ္စည်းဖြင့်လုပ်သော လက်လုပ်ဗုံးများ အီရတ်ရှိ ကန်တပ်ဖွဲ့ဝင်များအတွက် အန္တရာယ်ကြီးမားနေ

ဝါရှင်တန် စက်တင်ဘာ ၂၄

**အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်က အီရတ်တို့ တောက်တိုမည်ရပစ္စည်းများဖြင့် လက်လုပ်ဗုံးမလုပ်နိုင်ရန် ကြိုးပမ်းထိန်းချုပ်လင့်ကစား လက်လုပ်ဗုံးများသည် အမေရိကန်တပ်ဖွဲ့ဝင်များအတွက် အန္တရာယ်ကြီးမားသော လက်နက်များအဖြစ် ရှိမြဲရှိနေသည်။**

စက်တင်ဘာလသည် အမေရိကန်တပ်ဖွဲ့ဝင်များအတွက် အသေအပျောက် အများဆုံးလဖြစ်သည့်အလျောက် လမ်းဘေးဗုံး ၄၀ရာခိုင်နှုန်းကို မပေါက်ကွဲမီ ရှာဖွေတွေ့ရှိခဲ့ရသည်ဟု ပင်တဂွန်က ခန့်မှန်းသည်။

စက်တင်ဘာလ၏ ပထမ ၂၂ရက်အတွင်း အမေရိကန် မရိန်းရေတပ်နှင့် လေတပ်တို့မှ တပ်ဖွဲ့ဝင် ၆၃ဦး ထိုလက်လုပ်ဗုံများကြောင့် သေဆုံးခဲ့ရသည်ဟု ပင်တဂွန်က ထုတ်ပြန်သော ထိခိုက်သေဆုံးမှုသတင်း၌ ဖော်ပြထားသည်။ ၂၀၀၃ ခုနှစ် မေ၁ရက်၌ စစ်ပွဲပြီးကြောင်း ဘုရှ်ကြေညာခဲ့ချိန်မှစပြီး စက်တင်ဘာလသည် ပဋ္ဌမမြောက် လူအသေအပျောက်အများဆုံးလ ဖြစ်ခဲ့သည်။

**ကြီးထွားလာ**

စစ်ပွဲစသည်မှစပြီး ဒဏ်ရာရခဲ့သောတပ်ဖွဲ့ဝင် ၇၄၀၀ ကျော်ရှိခဲ့ရာ ၄၀၂၆ဦးမှာ တာဝန်ပြန်မထမ်းဆောင်နိုင်တော့ကြောင်း ပင်တဂွန်ကပြောသည်။ ဇွန် ၂၈ရက်၌ အီရတ်ကြားဖြတ် အစိုးရအဖွဲ့သို့ နိုင်ငံရေးထိန်းချုပ်မှုကို အမေရိကန်တပ်ဖွဲ့က လွှဲပြောင်းပေးခဲ့ချိန်မှစပြီး အမေရိကန်တို့၏ သေဆုံးမှုသည် လစဉ်ကြီးထွားလာခဲ့သည်။

စက်တင်ဘာလထဲ၌ အမေရိကန်စစ်ဘက်မှ သေဆုံးသူအရေအတွက် ၂၉ဦးရှိရာတွင် ၁၅ဦးထက်မနည်းမှာ လက်လုပ်ဗုံးများကြောင့် ဖြစ်ခဲ့သည်။ ဗုံးအများစုကို အမေရိကန်စစ်ယာဉ်တန်းများ အသုံးပြုသောလမ်းတစ်လျှောက်တွင် မြှုပ်ပြီး ထောင်ထားကြခြင်း ဖြစ်သည်။

**(အင်တာနက်)**



ဘဂ္ဂဒက်မြို့တွင် စစ်ယာဉ်တစ်စီးဖြင့် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို စက်တင်ဘာ ၂၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

**မြန်မာ့အလင်း**

**နိုင်ငံတကာ သတင်းများ**

# အီရတ်အား အမေရိကန်တိုက်ခိုက်မှု ပြင်သစ်နိုင်ငံ ထပ်မံပြစ်တင်ဝေဖန်

**ကုလသမဂ္ဂ စက်တင်ဘာ ၂၄**

အီရတ်နိုင်ငံကို အမေရိကန် ဦးဆောင်၍ ကျူးကျော်တိုက်ခိုက်ခြင်းအား ပြင်သစ်နိုင်ငံက ကြာသပတေးနေ့တွင် ထပ်မံပြစ်တင် ဝေဖန်လိုက်သည်။

အီရတ်သို့ ၎င်း၏ တပ်ဖွဲ့ဝင်များ စေလွှတ်မည် မဟုတ်ကြောင်းလည်း ကတိပြုခဲ့သည်။ သို့သော် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် အထောက်အကူ ပေးမည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြု ပြောကြားသည်။

**မထောက်ခံ**

ပြင်သစ်နိုင်ငံသည် သဘောထားကွဲလွဲမှုကို ဖြစ်ပေါ်စေသည့် ဤအခြေအနေမျိုးကို မထောက်ခံကြောင်း၊ ပြင်သစ်နိုင်ငံအနေဖြင့် ယခုရော နောင်တွင်ပါ အီရတ်နိုင်ငံအား စစ်ရေးအရ ပြစ်မှုကျူးလွန်မည် မဟုတ်ကြောင်း၊ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဘာနီရာက (၅၉)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ပြောကြားသည်။

**သမိုင်းပေးတာဝန်**

အရှေ့အလယ်ပိုင်းတွင် ငြိမ်းချမ်းမှုတည်ဆောက်ခြင်းသည် ကျွန်ုပ်တို့၏ မျိုးဆက်များအတွက်သမိုင်းပေးတာဝန်ဖြစ်သည်ဟု ဘာနီရာက ပြောဆိုသည်။

**အမ်အင်အေ၊ဆင်ဟွာ**

**စက်တင်ဘာ ၂၄ ရက်အထိ အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၁၀၄၂ ဦး ရှိသွားပြီ**

ဘဂ္ဂဒက် စက်တင်ဘာ ၂၅

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ရက်က စတင်ပြီး ဝင်ရောက် ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက်ရှိကြသည်။**

စက်တင်ဘာ ၂၄ရက် သောကြာနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၀၄၂ဦးရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၇၉၂ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး၂၅၀မှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

**သေဆုံး**

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၅ဦး၊ အီတလီ ၁၉ဦး၊ စပိန် ၁၁ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်း ရှစ်ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ နယ်သာလန်နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒိုး၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီသေဆုံးခဲ့ကြသည်ဟု ဆိုသည်။ သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ရက်၌ အီရတ်တွင်စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၉၀၄ဦးဖြစ်ပြီး ယင်းအနက် ၆၈၃မှာ တိုက်ပွဲ၌သေဆုံး၍ ၂၂၁ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

# တူရကီယာဉ်မောင်းများ လုံခြုံရေးအာမခံချက်ရှိရန် ဆောင်ရွက်ထားကြောင်း တူရကီပို့ဆောင်ရေးဝန်ကြီးပြောကြား

**အန်ကာရာ စက်တင်ဘာ ၂၄**

တူရကီနိုင်ငံနှင့် အီရတ်နိုင်ငံကြား လွန်းပြန်သွားနေကြသော တူရကီယာဉ်မောင်းများ၏ လုံခြုံရေး အာမခံချက်ရှိရန် တူရကီအစိုးရက ဆောင်ရွက်ထားကြောင်း တူရကီပို့ဆောင်ရေးဝန်ကြီး ဘီနာလီယင်လ်ဒီရင်က ဗုဒ္ဓဟူးနေ့က ပြောကြားသည်။

တူရကီ ထရပ်ကားယာဉ်မောင်းများ အီရတ်၌ ပြန်ပေးဆွဲခြင်း သို့မဟုတ် သတ်ဖြတ်ခံရပြီးနောက် အခြားလမ်းများကို ရွေးချယ်လုပ်ကိုင်လျက်ရှိကြောင်း အစ္စတန်ဘူလ်၌ ကျင်းပသည့် နိုင်ငံတကာဆိုင်ရာ အဝေးပြေးပို့ဆောင်ရေး ညီလာခံတက်ရောက်ခဲ့သော ယင်လ်ဒီရင်က ပြောကြားသည်။

အီရတ်နိုင်ငံ တောင်ပိုင်းသို့ ရောက်ရန်ကြိုးပမ်းရာတွင် ဆီးရီးယားရှိလမ်းများကို အသုံးချရန် ပို့ဆောင်ရေးကုမ္ပဏီများအား ဝန်ကြီးက ထောက်ခံချက်ပေးထားသည်။

**အမ်အင်အေ၊ ဆင်ဟွာ**

# အီတလီအမျိုးသမီး ဓားစာခံနှစ်ဦးအား သတ်ပစ်လိုက်ပြီ အီရတ်စစ်ပွဲ၌ ကန်၏အဓိကအပေါင်းပါနိုင်ငံဖြစ်၍ သတ်ဖြတ်ခြင်းဖြစ်

ဘဂ္ဂဒက် စက်တင်ဘာ ၂၃

**အီရတ်တွင် ဖမ်းဆီးခြင်းခံထားရသော ဗြိတိသျှဓားစာခံက ၎င်း၏အသက်ကို ချမ်းသာပေးရန် ဗုဒ္ဓဟူးနေ့က အသနားခံခဲ့သော်လည်း အခြားအုပ်စုတစ်စုက ဖမ်းဆီးထားသော အီတလီအမျိုးသမီးနှစ်ဦးမှာ သတ်ဖြတ်ခံလိုက်ရပြီ ဖြစ်ကြောင်း သတင်းရရှိသည်။**

### သတ်လိုက်ခြင်းဖြစ်

အခြားပြန်ပေးအုပ်စုဖြစ်သော ဂျီဟက်အဖွဲ့အစည်းက အီတလီသည် ဗြိတိန်ကဲ့သို့ပင် အီရတ်စစ်ပွဲ၌ အမေရိကန်ပြည်ထောင်စု၏ အဓိကအပေါင်းပါ ဖြစ်သည့်အတွက် အီတလီအမျိုးသမီး ဓားစာခံနှစ်ဦးကို သတ်ဖြတ်လိုက်ကြောင်း ပြောကြားသည်။

ကူညီထောက်ပံ့ရေး အလုပ်သမားများဖြစ်ကြသော စီမိုနာပါရီနှင့် စီမိုနာတော်ရက်တာတို့နှစ်ဦးသည် စက်တင်ဘာ ၇ ရက်၌ ဖမ်းဆီးခြင်းခံခဲ့ရရာ အီရတ်၌ပထမ ဖမ်းဆီးခံရသော အမျိုးသမီးများ ဖြစ်ကြသည်။

### လွှတ်ပေးမည်မဟုတ်

ဗြိတိသျှဓားစာခံအတွက် အချိန်ကုန်ဆုံးလာသည်နှင့်အမျှ အမေရိကန်နှင့်အီရတ်အရာရှိများကလည်း ဗုဒ္ဓဟူးနေ့ ဇာကာဝီ၏တာဝှစ်နှင့် ဂျီဟက်အုပ်စုတောင်းဆိုထားသော အမျိုးသမီးအကျဉ်းသားများကိုလွှတ်ပေးမည် မဟုတ်ကြောင်း ပြောဆိုခဲ့သည်။

လွန်ခဲ့သည့်နှစ်ရက်တွင် တောင်းဆိုချက်ကို အချိန်မီမလိုက်လျောသဖြင့် ပြန်ပေးအုပ်စုက အမေရိကန် နှစ်ဦးကို သတ်ဖြတ်ခဲ့ကြသည်။ ဗြိတိသျှဓားစာခံအတွက်မူ နောက်ဆုံးအချိန်သတ်မှတ်ထားခြင်းမရှိပေ။ **(အင်တာနက်)**



## နိုင်ငံတကာ သတင်းများ

## လုံခြုံရေးဆောင်ရွက်

**ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် အမေရိကန် စစ်ယာဉ်တစ်စီး မီးလောင်နေရာ အနီးတွင် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို စက်တင်ဘာ ၂၂ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

## ကင်းလှည့်စဉ် တိုက်ခိုက်ခံရ အမေရိကန်တပ်ဖွဲ့ဝင် သေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၂၃

အီရတ်နိုင်ငံမြောက်ပိုင်းရှိ မိုဆူးလ်မြို့တွင် ကင်းလှည့်စဉ် တိုက်ခိုက်ခံရသဖြင့် ရရှိခဲ့သောဒဏ်ရာဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဗုဒ္ဓဟူးနေ့က သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အဆိုပါတပ်ဖွဲ့ဝင်မှာ အိုလံပီယာ အထူးတပ်ဖွဲ့မှဖြစ်ပြီး မိုဆူးလ်မြို့တွင် ကင်းလှည့်စဉ် တိုက်ခိုက်ခံရပြီး ရရှိခဲ့သောဒဏ်ရာဖြင့်သေဆုံးခြင်းဖြစ်ကြောင်း စစ်ဘက်ကြေညာချက်၌ ဖော်ပြထားသည်။

အဆိုပါတပ်ဖွဲ့ဝင်မှာ ဗုဒ္ဓဟူးနေ့၌ သေဆုံးသော ဒုတိယမြောက် အမေရိကန်တပ်ဖွဲ့ဝင်ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မီးလောင်

**ဘဂ္ဂဒက်မြောက်ဘက် အယ်ဖာဟာမာကျေးရွာအနီး ရေနံပိုက်လိုင်း မီးလောင်နေသည်ကို စက်တင်ဘာ ၂၃ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)



## ကူဝိတ်နှင့် အခြားအီရတ်အိမ်နီးချင်းနိုင်ငံများ ပတ်ဝန်းကျင်ပျက်စီးမှုများ ပိုမိုချဲ့ကားပြောဆိုဟု အီရတ်စွပ်စွဲ

ဂျီနီဗာ စက်တင်ဘာ ၂၃

**ကူဝိတ်နှင့် အခြားအိမ်နီးချင်းနိုင်ငံများသည် ၁၉၉၀ပြည့်နှစ်၌ အီရတ်၏ကျူးကျော်မှုနှင့်ပင်လယ်ကွေ့စစ်ပွဲကြောင့် ပျက်စီးခဲ့ရသော ၎င်းတို့၏ ပတ်ဝန်းကျင်ပျက်စီးမှုများအတွက် တောင်းဆိုထားပြီးသည်များကို ပိုမိုချဲ့ကားတောင်းဆိုခဲ့ကြောင်း အီရတ်နိုင်ငံက အင်္ဂါနေ့၌ စွပ်စွဲလိုက်သည်။**

### မေတ္တာရပ်ခံ

ကုလသမဂ္ဂလျော်ကြေး ကော်မရှင်၌ ထိုပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုများအတွက် တောင်းဆိုထားသော ဒေါ်လာ ၈၂ ဘီလီယံ၏ ဒေါ်လာ ၄၉ဘီလီယံထက် မနည်းကို အီရတ်ကိုယ်စားလှယ်အဖွဲ့က ငြင်းပယ်ဖွယ်ရှိသည်။

### ပြောကြား

အင်္ဂါနေ့က စတင်ပြီး သုံးရက်ကြာကျင်းပသောအစည်းအဝေး၌ အီရတ်ကြားဖြတ်အစိုးရသည် ကုလသမဂ္ဂလျော်ကြေးကော်မရှင်၏ အုပ်ချုပ်မှုကောင်စီတွင် ပထမဆုံးမိန့်ခွန်းပြောကြားခြင်းဖြစ်သည်။

### လက်ခံရရှိ

ကုလသမဂ္ဂ လျော်ကြေးကော်မရှင်က ၁၉၉၀ ပြည့်နှစ်တွင် ကူဝိတ်ကို အီရတ်၏ ကျူးကျော်မှုနှင့် ကူဝိတ်အား ခုနစ်လကြာ သိမ်းထားမှုကြောင့် ပျက်စီးခဲ့ရမှုများအတွက် လူတစ်ဦးချင်း၊ ကုမ္ပဏီများနှင့် အစိုးရအဖွဲ့များထံမှ စုစုပေါင်း ဒေါ်လာ ၃၅၀ ဘီလီယံ လျော်ကြေးတောင်းဆိုမှုများကို လက်ခံရရှိထားကြောင်းသိရသည်။

### တောင်းဆို

ထိုစုစုပေါင်း တောင်းဆိုထားသည့် လျော်ကြေးငွေများတွင် ကူဝိတ်၊ ဆော်ဒီအာရေဗျ၊ အီရန်၊ ဂျော်ဒန်နှင့်ဆီးရီးယားတို့က ကမ်းရိုးတန်းများ ညစ်ညမ်းမှု၊ ငါးဖမ်းလုပ်ငန်းနှင့်သဲကန္တာရဒေသများကို အီရတ်တပ်ဖွဲ့ဝင်များက ရေနံတွင်းများမီးရှို့ခြင်းနှင့် အခြားအထောက်အကူ ပစ္စည်းများကို ဖောက်ခွဲဖျက်ဆီးခြင်းများကြောင့် ပျက်စီးခဲ့ရခြင်းများအတွက် တောင်းဆိုသည့် လျော်ကြေးငွေ ဒေါ်လာ ၈၂ ဘီလီယံ ပါဝင်သည်ဟု သိရသည်။

**အမ်အင်အေ၊ရိုက်တာ**

## ဖမ်းဆီးထားသော တူရကီထရပ်ကားယာဉ်မောင်းအား အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားတို့ ပြန်လွှတ်ပေး

အန်ကာရာ စက်တင်ဘာ ၂၂

**အီရတ် ခုခံတိုက်ခိုက်ရေး ပြောက်ကျားအုပ်စုသည် ဩဂုတ်လ ၆ရက်မှစ၍ ဓားစာခံအဖြစ်ဖမ်းဆီးထားခဲ့သော တူရကီထရပ်ကားယာဉ်မောင်းအား ပြန်လွှတ်ပေးလိုက်ကြောင်း တူရကီလူထုဆက်သွယ်ရေးက အင်္ဂါနေ့၌ ရေးသားဖော်ပြလိုက်သည်။**

### လွှဲပြောင်းပေး

အေကာဘီဆီယာဆိုသော ဒုတိယ တူရကီထရပ်ကားယာဉ်မောင်း ၏ အလောင်းကိုမူ မိုဆူးလ်မြို့အနီး၌ အင်္ဂါနေ့က တွေ့ရှိခဲ့ကြောင်း တီအာတီရုပ်မြင်သံကြားက ပြောကြားခဲ့သည်။

လွှတ်ပေးလိုက်သော တူရကီထရပ်ကားယာဉ်မောင်း တာဆင်တော့ပ်အား ဘဂ္ဂဒက်ရှိ တူရကီသံရုံးသို့ လွှဲပြောင်းပေးလိုက်ပြီဖြစ်ကြောင်း လူထုဆက်သွယ်ရေးက ဆိုသည်။

၎င်း၏ အလုပ်ရှင်အက်တာဟန် ပို့ဆောင်ရေးကုမ္ပဏီသည် ၎င်းလွတ်မြောက်ရေးအာမခံချက်ရှိရန်အတွက် အီရတ်ရှိလုပ်ငန်းများ အားလုံးရပ်ဆိုင်းထားကြောင်း ၎င်းအားဖမ်းဆီးသွားပြီး မကြာမီ၌ကြေညာခဲ့သော်လည်း ၎င်း၏ကံကြမ္မာမှာ ယခုတိုင် မရေမရာဖြစ်မြဲရှိသည်။

### မယုံကြည်

မိမိခင်ပွန်းအား လွှတ်ပေးလိုက်သည်ဆိုခြင်းကို မိမိမျက်စိနှင့် မိမိခင်ပွန်းအားမတွေ့ရမချင်း မိမိမယုံကြည်နိုင်ဟု ဇနီးဖြစ်သူ ဖာတမာက ပြောကြားကြောင်း အနာတိုလီယန်သတင်းဌာနက ကိုးကားရေးသားသည်။

အသတ်ခံရသော ထရပ်ကားယာဉ်မောင်း ဘီဆီယာသည် အီရတ်တွင် အမေရိကန်စစ်ဘက်အတွက် အလုပ်လုပ်ကိုင်ပေးနေသူဖြစ်ပြီး စက်တင်ဘာ ၁၈ ရက်၌ အဖမ်းခံခဲ့ရခြင်းဖြစ်ကြောင်း တီအာတီက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

## နိုင်ငံတကာဆိုင်ရာ ခရီးသွားများအပေါ် ကန်လူဝင်မှု ကြီးကြပ်ရေး မချေမငံဆက်ဆံ

## မကျေနပ်သည့် ဗြိတိန်နိုင်ငံသားများ တိုင်တန်း

လန်ဒန် စက်တင်ဘာ ၂၂

**အမေရိကန်ပြည်ထောင်စုသို့ လာရောက်ကြသည့် နိုင်ငံတကာဆိုင်ရာ ခရီးသွားများအပေါ် အမေရိကန်လူဝင်မှု ကြီးကြပ်ရေးအရာရှိများက ချေချေငံငံဆက်ဆံခြင်း မရှိသည့်အတွက် ခရီးသွားများထံမှ မကျေမနပ် တိုင်တန်းပြောဆိုချက်များ ပေါ်ထွက်ခဲ့ရာ လူဝင်မှုကြီးကြပ်ရေးအရာရှိများအား ၎င်းတို့၏လုပ်ရပ်များကို ပြုပြင်စေခဲ့ရသည်ဟု နယ်စပ်ထိန်းချုပ်ရေးအကြီးအကဲအရာရှိက တနင်္လာနေ့၌ ပြောကြားသည်။**

### ပြဋ္ဌာန်း

စီးပွားရေးလုပ်ငန်း သို့မဟုတ် အပန်းဖြေဖို့အတွက် အမေရိကန်ပြည်ထောင်စုသို့ လာရောက်ကြသော ဗြိတိန်နိုင်ငံသား အများအပြား၏ မကျေမနပ် တိုင်တန်းချက်များကြောင့် အမေရိကန်အကောက်ခွန်နှင့် နယ်စပ်ကာကွယ်ရေး (စီဘီပီ)အေဂျင်စီက ဧည့်သည်များအား အရာရှိများ လေးလေးစားစားဆက်ဆံစေရန် ကိုဥပဒေကို ပြဋ္ဌာန်းစေခဲ့ရကြောင်း အမေရိကန်အကောက်ခွန်နှင့် နယ်စပ်ကာကွယ်ရေး(စီဘီပီ)အထူးအရာရှိ ရောဘတ်ဘွန်နာက ပြောကြားသည်။

### ကမ္ဘာတစ်ဝန်း

မကျေမနပ်တိုင်တန်းချက်များသည် ကမ္ဘာတစ်ဝန်းမှလာကြောင်း၊ သို့သော် မိမိဌာန၌မူ အထူးသဖြင့် ဗြိတိန်နိုင်ငံမှဖြစ်ကြောင်း ဘွန်နာက လန်ဒန်မြို့တွင် သတင်းထောက်များအား အကျဉ်းချုံးပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

# အဘက်ဘက်မှကြိုးပမ်းအကောင်အထည်ဖော်မှုကြောင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းနေ တိုင်းရင်းသားအဖွဲ့အစည်းများကလည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး တစ်ပိုင်းတစ်ကဏ္ဍတာဝန်ယူဆောင်ရွက်

*** ရှေ့ဖုံးမှ**

## တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်း ညွန့် က နယ်စပ်ဒေသနှင့် တိုင်း ရင်း သား လူ မျိုး များ ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်း အ စည်း အ ဝေး အ မှတ် စဉ် (၅/၂၀၀၄) တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)**

ညှိနှိုင်းအစည်းအဝေးတွင် ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးမှာ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် စတင်ဆောင်ရွက်ခဲ့သော ၁၉၈၉ ခုနှစ်မှ စတင်ရေတွက်လျှင် မိမိတို့လုပ်ငန်းကော်မတီ၏ (၅၇)ကြိမ်မြောက် အစည်းအဝေးဖြစ်ကြောင်း။

## တစ်နိုင်ငံလုံး ဖြန့်ကြက်

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည်မှာ အချိန်ကာလအားဖြင့် ၁၅နှစ်ရှိခဲ့ပြီဖြစ်ကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၊ မိမိဦးဆောင်သည့် လုပ်ငန်းကော်မတီ၊ ဒေသဆိုင်ရာအာဏာပိုင်များဦးဆောင်သည့် ဒေသကော်မတီများနှင့် ဒုတိယဝန်ကြီးများဦးဆောင်သည့် လုပ်ငန်းဆပ်ကော်မတီများဖွဲ့စည်းပြီး တစ်နိုင်ငံလုံးဖြန့်ကြက်လျက် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ဤကဲ့သို့ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဦးစီးဦးဆောင်ပြု ကြီးကြပ်ဆောင်ရွက်နေသည့် စီမံကိန်းကြီးဖြစ်၍ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကြီး၏ အရေးပါမှုမှာ ပေါ်လွင်လျက်ရှိသလို စီမံကိန်းကြီးအပေါ် နိုင်ငံတော်၏ အလေးထားမှုကိုလည်း ထင်ရှားစေလျက်ရှိကြောင်း။

ထို့အပြင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းမှာ မိမိတို့တပ်မတော်အစိုးရ နိုင်ငံတော်၏တာဝန်ကိုယူခဲ့ပြီးနောက် စတင်ဆောင်ရွက်ခဲ့သည့် ပထမဆုံးသော အမျိုးသားစီမံကိန်းကြီးဖြစ်သည် သာမက ခိုင်မာသည့် သမိုင်းကြောင်းအခြေခံများရှိသည့် စီမံကိန်းကြီးလည်း ဖြစ်ကြောင်း။

## ဦးစားပေးကြိုးပမ်း

မိမိတို့တပ်မတော်အစိုးရ နိုင်ငံတော်၏တာဝန်ကိုယူခဲ့သည့် ၁၉၈၈ခုနှစ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် ပြည်ထောင်စုမပြိုကွဲရေးဆိုသည့် အမျိုးသားရေးမူဝါဒနှင့် ယင်းအမျိုးသားရေး မူဝါဒအပေါ်အခြေခံသည့် လုပ်ငန်းစဉ်များထုတ်ပြန်ကြေညာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုတိုးပွားဖြစ်ထွန်းခိုင်မြဲရေးအတွက် ဦးစားပေးကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

ထိုအချိန်က နိုင်ငံတော်အပေါ်လက်နက်ကိုင်ဆန့်ကျင်နေကြသည့် တိုင်းရင်းသား အဖွဲ့အစည်းများကလည်း နှစ်ပေါင်းရှည်ကြာစွာ လက်နက်ကိုင် ဆန့်ကျင်ခဲ့ကြသော်လည်း အောင်မြင်မှုများမရရှိသည့်အပြင် တည်ငြိမ်အေးချမ်းမှုမရှိသည့် နယ်စပ်ဒေသများတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေခံများ နိမ့်ကျလျက် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့ရသည့် အခြေအနေတွင် မိမိတို့တပ်မတော်အစိုးရ၏ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မာရေးကို အခြေခံသည့် အမျိုးသားရေးမူဝါဒနှင့် လုပ်ငန်းစဉ်များကိုသိမြင်လျက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြကြောင်း။

ထိုသို့ တိုင်းရင်းသားအဖွဲ့အစည်းများ ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် အခြေအနေတွင် မိမိတို့ နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကြီးကို စတင်အကောင်အထည်ဖော်ဆောင်ရွက်လာခဲ့ခြင်းဖြစ်ကြောင်း။

## ကြိုးပမ်းဆောင်ရွက်

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်အောင်၊ နယ်စပ်ဒေသနေ တိုင်းရင်းသားလူမျိုးများ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားအောင်ကြိုးပမ်းဆောင်ရွက်ပေးရင်း တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုတိုးမြှင့်တည်ဆောက်လျက် တိုင်းရင်းသား စည်းလုံးညီညွတ်မှုတိုးတက်ခိုင်မြဲအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာသည်နှင့်အမျှ တိုင်းရင်းသားလူမျိုးများ၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာခဲ့ပြီး မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကိုပါ တစ်ဆက်တစ်စပ်တည်း စည်းရုံးဆောင်ရွက်လာနိုင်ခဲ့ကြောင်း။

## အခြေခံအကျဆုံးစွမ်းအား

မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံကြီးသည် တိုင်းရင်းသားလူမျိုးပေါင်းတစ်ရာကျော်ဖြင့် ဖွဲ့စည်းဖြစ်တည်နေသည့် ပြည်ထောင်စုကြီးဖြစ်ရာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် အခြေခံအကျဆုံးသော စွမ်းအားပင်ဖြစ်ကြောင်း။

ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှု၏ ဆိုးမွေများကြောင့် တိုင်းရင်းသားလက်နက်ကိုင်ဆန့်ကျင်မှုများ ဖြစ်ပေါ်ခဲ့ရပြီး နယ်မြေတည်ငြိမ်အေးချမ်းမှု မရှိခဲ့သဖြင့် နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုမှာလည်း နောက်ကျကျန်ခဲ့ရကြောင်း။

## စိတ်ဝမ်းကွဲအောင်လှုံ့ဆော်

ကိုလိုနီနယ်ချဲ့လက်သစ်များနှင့် ၎င်းတို့၏လက်ဝေခံများက ယင်းသို့ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးကွာဟမှုအပေါ်မူတည်ပြီး သွေးထိုးသပ်လျှိုမြှောက်ပင့်မှုများဖြင့် တိုင်းရင်းသားလူမျိုးများအချင်းချင်း စိတ်ဝမ်းကွဲပြားအောင် လှုံ့ဆော်နေကြဆဲဖြစ်ကြောင်း။



**ဒေသခံတိုင်းရင်းသားပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသော ချင်းပြည်နယ် ဟားခါးမြို့ရှိ အထွေထွေရောဂါကုဆေးရုံ ပြင်ပလူနာဌာနကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)**

သို့ဖြစ်၍ နယ်မြေဒေသဖွံ့ဖြိုးမှုကွာဟချက်အပေါ်အခြေခံသည့် စိတ်ဝမ်းကွဲပြားမှုများအား ပျောက်ကွယ်သွားစေရအောင်၊ သူတစ်ပါး သွေးထိုးသပ်လျှိုမြှောက်ပင့်မှုများ နားမဝင်စေရအောင် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ပေးရင်း ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်စေရအောင် နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

## အလေးထားဆောင်ရွက်

သို့ဖြစ်၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းခြင်းသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ခိုင်မြဲမှုနှင့် ပြည်ထောင်စုကြီး မပြိုကွဲအောင် လက်တွဲပူးပေါင်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုဆိုသည့် ကောင်းမြတ်သော အစဉ်အလာများကို တိုးတက်ဖြစ်ထွန်းစေသည်ဆိုသည့် သဘောထားခံယူချက်ဖြင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းများကို အရှိန်အဟုန်မပျက် အလေးထားဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြဖို့ မှာကြားလိုကြောင်း။

နယ်စပ်ဒေသဖွံ့ဖြိုးရေး ပင်မစီမံကိန်းကြီးကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ၌ ယခုအခါတွင် ဒုတိယ(၅)နှစ် နှစ်လယ်စီမံကိန်း၏ စတုတ္ထနှစ်ရောက်ခဲ့ပြီဖြစ်ကြောင်း။

## အစဉ်အလာကောင်းဖြစ်ထွန်း

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ပြီး ဒေသ၏ စီးပွားရေးအခြေခံများ တိုးတက်မြင့်မားလာသည်နှင့်အမျှ တိုင်းရင်းသားအဖွဲ့အစည်းများကလည်း မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ပိုင်းတစ်ကဏ္ဍ တာဝန်ယူဆောင်ရွက်လာကြသည့် အစဉ်အလာကောင်းများလည်း ဖြစ်ထွန်းလျက်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများအတွက် ယခုအချိန်အထိ နိုင်ငံတော်၏ဘဏ္ဍာငွေမှ ငွေကျပ်သန်းပေါင်း ၅၈၃၀၀ကျော်နှင့် အမေရိကန်ဒေါ်လာ သန်းပေါင်း ၅၅၀ကျော် ကျခံသုံးစွဲခဲ့ပြီးဖြစ်ကြောင်း။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှာ အဓိကကျသည့် လမ်းတံတားလုပ်ငန်းအတွက် နိုင်ငံတော်က ဘဏ္ဍာငွေ ကျပ် ၃၂၁၇၈သန်းကျော် ကျခံသုံးစွဲခဲ့ပြီးဖြစ်ကြောင်း။

ပညာရေးကဏ္ဍနှင့်ပတ်သက်၍လည်း နယ်စပ်ဒေသပညာရေးလုပ်ငန်းများအတွက် ဘဏ္ဍာငွေ ကျပ် ၃၄၉၅သန်းကျော် အကုန်အကျခံပြီး ဆောင်ရွက်ပေးခဲ့ကြောင်း။

## ဘွဲ့ရများမွေးထုတ်

နယ်စပ်ဒေသရှိ လူငယ်များ ပညာရည်မြင့်မားရေး၊ ပညာတတ်များပေါ်ထွန်းလာရေးတို့အတွက် နယ်စပ်ဒေသအသီးသီး၌ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းပေါင်း ၂၆ကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်း ၁၈ကျောင်း၊ ရန်ကုန်နှင့် မန္တလေးတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခု အသီးသီးဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း၊ ယခုဆိုလျှင် ယင်းဒီဂရီကောလိပ်နှစ်ခုမှ နယ်စပ်ဒေသတိုင်းရင်းသား ဘွဲ့၊ဒီဂရီရရှိသည့် လူငယ်စုစုပေါင်း ၂၅၆ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်၍ နယ်စပ်ဒေသများမှာပင် နိုင်ငံ့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်နေပြီဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍လည်း နိုင်ငံတော်အနေနှင့် ယနေ့အထိ နယ်စပ်ဒေသကျန်းမာရေးကဏ္ဍအတွက် ဘဏ္ဍာငွေကျပ် ၁၄၉၃သန်းကျော် ကျခံ ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း။

အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးလုပ်ငန်းများ ထူထောင်နိုင်အောင် နိုင်ငံတော်က ကူညီပံ့ပိုးပေးလျက်ရှိကြောင်း၊ ယနေ့အထိ နိုင်ငံတော်က အလှူငွေကျပ် ၁၅၂၉ သန်းကျော် ကျခံသုံးစွဲပေးခဲ့ပြီးဖြစ်ကြောင်း။

## ကုန်းမြင့်လယ်ယာဖော်ထုတ်

တိုင်းရင်းသားလူမျိုးများ အိမ်ခြေအတည်တကျမရှိဘဲ လူနေမှုအဆင့်နိမ့်ပါးစေသည့် ရွှေ့ပြောင်းတောင်ယာစနစ်ပပျောက်စေရေးအတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ဒေသမြေပြန့်များတွင် မြေလွတ်မြေရိုင်းများဖော်ထုတ်မှုနှင့် ကုန်းမြင့်လယ်မြေများဖော်ထုတ်မှုတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ကုန်းမြင့်လယ်ယာမြေဧက ၇၅၀၀ ကျော် ဖော်ထုတ်ပေးထားပြီးဖြစ်ကြောင်း။

## စနစ်တကျစီမံဆောင်ရွက်

အလားတူပင် စွမ်းအင်ကဏ္ဍ၊သတ္တုကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ စသည့်နယ်ပယ်ကဏ္ဍစုံ၌ ဖွံ့ဖြိုးတိုးတက်စေရအောင် စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

# နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်း





ရှမ်းပြည်နယ်(မြောက်ပိုင်း )တာကော်အက်ဒေသတွင် သံလွင်မြစ် ဖြတ်ကူးရန်အတွက် ယခင်က တာကော်အက် ကူးတို့ဆိပ်ကိုသာ အားကိုးရပြီး ခက်ခက်ခဲခဲဖြတ်ကျော်ခဲ့ကြရသည်။ ယင်းအခက်အခဲကို ကျော်လွှားနိုင်ရန် နိုင်ငံတော်က တည်ဆောက်ပေးခဲ့သည့် သံလွင်တံတား(တာကော်အက်)ကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

ရုပ်မြင်သံကြား အစီအစဉ်များ ထုတ်လွှင့်ပေးလျက်ရှိသော ချင်းပြည်နယ် ဟားခါးမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံကိုတွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)



ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဆီလူးဒေသတွင် ဒေသခံတိုင်းရင်းသားတောင်သူများ စိုက်ပျိုးထားသော လက်ဖက်စိုက်ခင်းကို တွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)



ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းလားဒေသရှိ မိုင်းလား ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

နိုင်ငံတစ်ဝန်း နယ်စပ်ဒေသမကျန် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အဝင် ပြည်ထောင်စုလမ်းမကြီးကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)



# ကိုလိုနီနယ်ချဲ့လက်သစ်များနှင့်လက်ဝေခံများ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးကွာဟမှုအပေါ်မူတည်ပြီး သွေးထိုးသပ်လျှိုလှုံ့ဆော်နေသူတစ်ပါးသွေးထိုးသပ်လျှိုမြှောက်ပင့်မှုများနားမဝင်စေရအောင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအရှိန်အဟုန်မြှင့်ဆောင်ရွက်

စာမျက်နှာ ၆ မှ

ဤကဲ့သို့ အဘက်ဘက်မှ တစိုက်မတ်မတ် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုကြောင့် ယနေ့အချိန်အခါတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေသည်နှင့်အမျှ နယ်စပ်ဒေသနေတိုင်းရင်းသားလူမျိုးများ၏ နိုင်ငံတော်အစိုးရအပေါ် ယုံကြည်အားကိုးမှုတိုးပွားခိုင်မာလာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့်ပြည်ထောင်စုစိတ်ဓာတ်တို့လည်း ပိုမိုထက်သန်ခိုင်မာလာသည်ကို တွေ့နိုင်ကြောင်း။

ယနေ့အချိန်အခါတွင် အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးတွင် တိုင်းရင်းသား လူမျိုးများ၏ ကိုယ်စားလှယ်များသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ထက်သန်ခိုင်မာစွာဖြင့် ညီညွတ်တက်ကြွစွာ ပူးပေါင်းပါဝင် ဆွေးနွေးညှိနှိုင်းလျက်ရှိနေကြောင်း။

အမျိုးသားရေးပန်းတိုင်သို့လျှောက် လှမ်းရာဖြစ်သည့် နိုင်ငံတော်၏ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်တကွ ယင်းမူဝါဒလမ်းစဉ်(၇)ရပ်၏ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးအောင်မြင်ဖြစ်ထွန်းရေးတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့သည် အခြေခံအကျဆုံးပင်ဖြစ်ကြောင်း။

### တက်ညီလက်ညီဆောင်ရွက်

ထို့ကြောင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှုသည် တိုင်းရင်းသားလူမျိုးများအကြားတိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့တိုးပွားခိုင်မြဲအောင် အဓိကစွမ်းဆောင်ပေးနိုင်သည်ကို သိမြင်သဘောပေါက်ပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကြီး အောင်မြင်ဖြစ်ထွန်းစေရေးအတွက် တာဝန်ရှိသူအားလုံးက တက်ညီလက်ညီအလေးထားကြိုးပမ်းဆောင်ရွက်သွားကြရန်ပြောကြားသည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်က ရှင်းလင်းတင်ပြရာတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ၁၉၈၉–၉၀ဘဏ္ဍာရေးနှစ်မှ ယနေ့အထိ နှစ်အလိုက် ရန်ပုံငွေသုံးစွဲမှုတွင် ၁၉၈၉–၉၀ဘဏ္ဍာရေးနှစ်မှာ ၉၈ဒသမ ၅၉သန်း၊ ၁၉၉၀–၉၁ ဘဏ္ဍာရေးနှစ်မှာ ၁၅၄ဒသမ၉၆သန်း၊ ၁၉၉၁–၉၂ ဘဏ္ဍာရေးနှစ်မှာ ၄၆၀ဒသမ၇၆ သန်း၊ ၁၉၉၂–၉၃ဘဏ္ဍာရေးနှစ်မှာ ၅၅၈ ဒသမ၂၉သန်း၊ ၁၉၉၃–၉၄ဘဏ္ဍာရေးနှစ်မှာ ၅၁၄ ဒသမ ၃၉ သန်း၊ ၁၉၉၄–၉၅ ဘဏ္ဍာရေးနှစ်မှာ ၈၂၁ ဒသမ ၁၃ သန်း၊ ၁၉၉၅–၉၆ ဘဏ္ဍာရေးနှစ်မှာ ၁၂၂၃ ဒသမ ၂၇ သန်း၊ ၁၉၉၆–၉၇ ဘဏ္ဍာရေးနှစ်မှာ ၂၄၁၁ဒသမ၄၂သန်း၊ ၁၉၉၇–၉၈ဘဏ္ဍာရေးနှစ်မှာ ၃၀၃၇ဒသမ၁၀သန်း၊ ၁၉၉၈–၉၉ ဘဏ္ဍာရေးနှစ်မှာ ၅၄၂၅ဒသမ၉၀သန်း၊ ၁၉၉၉–၂၀၀၀ ဘဏ္ဍာရေးနှစ်မှာ ၃၇၉၁ ဒသမ၃၀သန်း၊ ၂၀၀၀–၂၀၀၁ ဘဏ္ဍာရေးနှစ်မှာ ၂၃၄၃ဒသမ၅၆သန်း၊ ၂၀၀၁–၂၀၀၂ ဘဏ္ဍာရေးနှစ်မှာ ၄၂၇၇ ဒသမ ၇၅ သန်း၊ ၂၀၀၂–၂၀၀၃ ဘဏ္ဍာရေးနှစ်မှာ ၁၉၄၈၀ ဒသမ ၅၃ သန်း၊ ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်မှာ ၁၀၅၇၄ ဒသမ ၇၆ သန်း၊ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် (၁–၄–၂၀၀၄မှ ၃၁–၈–၂၀၀၄ထိ) ၃၃၀၅ ဒသမ ၆၂ သန်း အသီးသီးသုံးစွဲခဲ့ပါကြောင်း။

### အလေးပေးဆောင်ရွက်

ထို့ကြောင့်(၁၉၈၉မှ ၃၁–၈–၂၀၀၄)ရက်နေ့အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် စုစုပေါင်းရန်ပုံငွေ ကျပ်သန်းပေါင်း ၅၈၃၉၉ဒသမ၃၄ သန်း သုံးစွဲပြီးဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေသုံးစွဲမှုကိုကြည့်လျှင် တစ်နှစ်ထက်တစ်နှစ် ပိုမိုသုံးစွဲဆောင်ရွက်ပေးလျက်ရှိနေသည့်အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးကို နိုင်ငံတော်က အလေးပေးဆောင်ရွက်နေသည်ကို တွေ့ရမည် ဖြစ်ကြောင်း။

ဆက်လက်ပြီး နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ယနေ့အထိ နယ်စပ်ဒေသအသီးသီးမှာ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၆ကျောင်း ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ မူလတန်းကျောင်းသား ၄၅၃ ဦး၊ အလယ်တန်းကျောင်းသား ၁၂၇၁ ဦး၊ အထက်တန်းကျောင်းသား ၅၃၂ဦး စုစုပေါင်း တိုင်းရင်းသားလူငယ် ၂၂၃၈ဦးကို ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း။

နယ်စပ်ဒေသပညာရေးအနေဖြင့် နယ်စပ်ဒေသများမှာ ၁၅နှစ်တာကာလအတွင်း အထက်တန်းကျောင်း ၇၂ ကျောင်း၊ အလယ်တန်းကျောင်း ၆၁ ကျောင်းနှင့် မူလတန်းကျောင်း ၆၅၇ ကျောင်း တိုးချဲ့ဖွင့်လှစ်ပေးခဲ့သဖြင့် ယခုအခါ နယ်စပ်ဒေသတိုင်းရင်းသား ၁၀၈၆၂၁ ဦး တက်ရောက်ပညာ သင်ကြားနေပြီဖြစ်ပါကြောင်း။

### သင်ကြားလေ့ကျင့်

အဆိုပါသင်တန်းကျောင်းများက တိုင်းရင်းသားလူငယ်များကို တက္ကသိုလ်ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုကို ရန်ကုန် နှင့် မန္တလေးမြို့များတွင် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာတွင် ယနေ့အထိ တိုင်းရင်းသားလူငယ် ၂၅၆ ဦးကိုဘွဲ့၊ ဒီဂရီရရှိအောင် ပြုစုပျိုးထောင်ပေးနိုင်ခဲ့ပြီး ဝန်ကြီးဌာန အသီးသီးတွင် ခန့်အပ်တာဝန်ပေးပြီးဖြစ်ပါကြောင်း၊ ထို့အပြင် ထူးချွန်ထက်မြက်သူများကို မဟာသိပ္ပံ/မဟာဝိဇ္ဇာ အရည်အချင်းစစ်သင်တန်းနှင့် B. Tech. သင်တန်း တက်ရောက်ရန် စီစဉ်ပေးခဲ့ကြောင်း၊ နယ်စပ်ဒေသအသီးသီးတွင် အမျိုးသမီးအိမ်တွင်းမှု ပညာသင်ကျောင်းများ ဖွင့်လှစ်ပျိုးထောင်ပေးလျက်ရှိရာ ယခုဆိုလျှင် ၁၈ကျောင်းဖွင့်လှစ်နိုင်ခဲ့ ပြီး ယနေ့အထိ နယ်စပ်ဒေသ အမျိုးသမီးငယ် ၁၃၄၁၅ ဦးအား အိမ်တွင်းမှု ပညာရပ်များ သင်ကြားလေ့ကျင့်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ချင်းပြည်နယ်အတွင်း ဖလမ်း၊ တီးတိန်၊ မင်းတပ်၊ မတူပီနှင့် ကန်ပက်လက်အမျိုးသမီးအိမ်တွင်းမှုပညာသင်ကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ကနကမာ ကျောက်စီပန်းချီပညာနှင့် ခေတ်မီအဆင်အသွေးများ ရက်လုပ်နိုင်သည့် ရက်ကန်းပညာများကို မင်းတပ်၊ ဟားခါးနှင့် ဖလမ်းအမျိုးသမီးအိမ်တွင်းမှု သင်တန်းကျောင်းများတွင် သင်ကြားပေးလျက်ရှိပြီး ချင်းပြည်နယ်ရှိ အမျိုးသမီးအိမ်တွင်းမှုကျောင်းခြောက်ကျောင်းလုံးတွင်လည်း သိုးမွေးစက်ထိုး ပညာရပ်ကို အထူးပြုဘာသာရပ်အနေဖြင့် သင်ကြားပေးလျက်ရှိပါကြောင်း၊ ထို့အပြင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပါ ပူးပေါင်းဆောင်ရွက်လျက်လည်းရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များက နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ မိမိတို့တာဝန်ယူ ဆောင်ရွက်နေကြသော သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ချက်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်

## မိုင်းလား အထက်တန်းကျောင်း

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားဒေသ၌ ခံ့ညားထည်ဝါသော မိုင်းလားအထက်တန်းကျောင်းကို တည်ဆောက်ပြီးဖြစ်၍ အခြေခံပညာများကို ဒေသခံကျောင်းသား ကျောင်းသူများ စိတ်ချမ်းမြေ့စွာဖြင့် သင်ကြားနိုင်ကြပြီဖြစ်သည်။**

(ဓာတ်ပုံမှတ်တမ်း– မြန်မာ့အလင်း)



## မိုင်းစိတ်–ကောင်ဆိုင်း ရထားလမ်းပိုင်း

**ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် မိုင်းစိတ်–ကောင်ဆိုင်း ရထားလမ်းအပိုင်းကို ၂၀၀၄ခုနှစ် မတ်၂၀ရက်က ဖွင့်လှစ်ပေးခဲ့ရာ ဒေသခံတိုင်းရင်းသားပြည်သူများ ဤသို့တက်ကြွပျော်ရွှင်စွာ တက်ရောက်ခဲ့ကြသည်။**

(ဓာတ်ပုံမှတ်တမ်း–သတင်းစဉ်)



## နမ့်မွေတံတား

**နယ်စပ်ဒေသ လမ်းပန်းဆက်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် တည်ဆောက်ပေးထားသော ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် တာလေ–ပါလျှိုး–ကျိုင်းလပ်လမ်းပေါ်ရှိ အရှည်ပေ ၃၀၀ရှိသည့် နမ့်မွေတံတားကို ဤသို့တွေ့ရသည်။**

(ဓာတ်ပုံမှတ်တမ်း– မြန်မာ့အလင်း)



ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်အပေါ် ပြန်လည်ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်စကားပြောကြားရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကြီးသည် တိုင်းရင်းသားအဖွဲ့အစည်းများ ဥပဒေဘောင်အတွင်း ဝင်ရောက်လာမှုနှင့် ဆက်စပ်ဖြစ်ထွန်းလာသည့် စီမံကိန်းကြီးဖြစ်သည်နှင့်အညီ အစပထမပိုင်းတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် တိုင်းရင်းသားအဖွဲ့အစည်းများ၏ ဒေသများတွင် ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

### နယ်စပ်ဒေသအားလုံးလွှမ်းခြုံ

ထိုဒေသများဖွံ့ဖြိုးတိုးတက်မှု အထိုက်အလျောက် အကောင်အထည်ပေါ် ဖြစ်ထွန်းလာသည့် အချိန်ကာလတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အခြားသော နယ်စပ်အစွန်အဖျားဒေသများတွင်ပါ ချဲ့ထွင်ဆောင်ရွက်ခဲ့သည့်အတွက် ယခုဆိုလျှင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများသည် နိုင်ငံတော်၏ အရှေ့ဖျား၊ အနောက်ဖျား၊ တောင်ဖျား၊ မြောက်ဖျားအထိ နိုင်ငံတော်၏ နယ်စပ်ဒေသများအားလုံးကို လွှမ်းခြုံဆောင်ရွက်ပေးလျက်ရှိနေပြီဖြစ်ကြောင်း။

ထို့အပြင် နိုင်ငံတော်၏အတွင်းပိုင်းကျသော်လည်း ဖွံ့ဖြိုးမှု၌ ကွက်လပ်သဖွယ် ကျန်ရှိနေသည့် ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ ဆောင်ရွက်နိုင်ရန်အတွက် ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု စီမံကိန်းကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း။

### အဆင့်မြင့်ဖွံ့ဖြိုးရေး

ဖွံ့ဖြိုးရေးအထူးဒေသကြီးများသည် နယ်စပ်ဒေသများနှင့် နိုင်ငံတော်အတွင်းပိုင်းဒေသများ၏ ဆက်စပ်ရာ ဒေသများ ဖြစ်သည့်အလျောက် တက္ကသိုလ်၊ ကောလိပ်များ၊ အထူးကုဆေးရုံကြီးများစသည့် အဆင့်မြင့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း။

ထို့မှ့မက နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အခြေခံကျသည့် အစွန်အဖျား ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ ဆောင်ရွက်ပေးရန် လမ်းညွှန်ခဲ့သည်နှင့်အညီ ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များကို ဘက်စုံဖြည့်ဆည်းဆောင်ရွက်ပေးမည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ် စီမံကိန်းကိုအကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြောင်း။

### ပြည်သူကြား ပြန့်ပွားရေး

ယင်းစီမံကိန်းကြီး(၃)ရပ်ကို ဆက်စပ်အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည့်အတွက် စီမံကိန်းကြီး(၃)ရပ် အပြန်အလှန် အကျိုးပြုဖြစ်ထွန်းပြီး ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့လည်း ပြည်သူများအကြား ပိုမိုထွန်းကားပြန့်ပွားလာမှာ ဖြစ်ကြောင်း။

### အခြေခံအကျဆုံးဖြစ်

အမျိုးသားရေး ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးအောင်မြင်ရေးတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့သည် အခြေခံအကျဆုံးပင်ဖြစ်ကြောင်း။

သို့ဖြစ်၍ တိုင်းရင်းသား ပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ တိုးပွားခိုင်မာစေမည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးအတွက် တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နယ်စပ်ဒေသများတွင် ဖြစ်ထွန်းအောင်မြင်နေသော ပန်းဂျုံဖြင့်ပြုလုပ်ထားသည့် စားသောက်ကုန်များကိုလည်းကောင်း၊ ပန်းဂျုံခေါက်ဆွဲပြုလုပ်ပုံအဆင့်ဆင့်နှင့်ပန်းဂျုံခေါက်ဆွဲပြုလုပ်သည့် စက်ကိရိယာမှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း ကြည့်ရှုသည်။ **(သတင်းစဉ်)**



# မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်စား တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၅

**မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံးနှင့် နိုင်ငံတော် သမ္မတရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များက ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသည့် အဆိုပါ ရုံးလေးရုံးတို့မှ ဝန်ထမ်းသားသမီး ကျောင်းသားကျောင်းသူများအား ပညာသင်စရိတ် ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ မုခ်ဦးဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်းက ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းသားသမီး ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုအမှာစကားပြောကြားသည်။

### ပညာသင်စရိတ်များချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံးနှင့် နိုင်ငံတော်သမ္မတရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များက ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အောင်မြင်ခဲ့ကြသည့် အဆိုပါရုံးများမှ ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ် ပေးအပ်ချီးမြှင့်ငွေများကိုပေးအပ်ကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းက ဝန်ထမ်းသားသမီး ကျောင်းသားကျောင်းသူ ခြောက်ဦးတို့အားလည်းကောင်း၊ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက ဝန်ထမ်း သားသမီးခြောက်ဦးတို့အား လည်းကောင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်က ဝန်ထမ်းသားသမီး ခြောက်ဦးတို့အားလည်းကောင်း၊ နိုင်ငံတော် သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက ဝန်ထမ်းသားသမီး ငါးဦးတို့အားလည်းကောင်း ပညာသင်စရိတ်များကို အသီးသီး ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ပညာသင်စရိတ်များ ပေးအပ်ချီးမြှင့်ပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံးမှ ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူလေးဦး၊ ပြည်သူ့လွှတ်တော်ရုံးမှ ဝန်ထမ်းသားသမီး ကျောင်းသားကျောင်းသူ သုံးဦး၊ အစိုးရအဖွဲ့ရုံးမှ ဝန်ထမ်း သားသမီး ကျောင်းသားကျောင်းသူ ကိုးဦးနှင့် နိုင်ငံတော်သမ္မတရုံးမှ ဝန်ထမ်း သားသမီး ကျောင်းသား ကျောင်းသူ ခုနစ်ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၃ဦးတို့အား ပညာသင်စရိတ် ချီးမြှင့်ခြင်းဖြစ်သည်။

**(သတင်းစဉ်)**

**မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းက ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းသားသမီး ကျောင်းသူတစ်ဦးအား ပညာသင်စရိတ်ချီးမြှင့်ငွေများ ပေးအပ်စဉ်။**

(သတင်းစဉ်)



**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ပြည်သူ့လွှတ်တော်ရုံး၊အစိုးရအဖွဲ့ရုံးနှင့် နိုင်ငံတော်သမ္မတရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များက ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ပေးအပ်ချီးမြှင့်ပြီး အမှတ်တရဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)



## အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ မြေစိုက်ပိုစတာကြီးများစိုက်ထူ

**ရန်ကုန် စက်တင်ဘာ ၂၅**

၂၀၀၄ခုနှစ် ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေး၊ ပြန်ကြားရေးနှင့်သတင်းထုတ်ပြန်ရေးဆပ်ကော်မတီ၏ လှုံ့ဆော်ရေးမြေစိုက်ပိုစတာကြီးများကို စက်တင်ဘာ၂၄ရက်တွင် ရန်ကုန်မြို့ ပြည်လမ်းပေါ်ရှိ အမျိုးသားပြတိုက်ရှေ့၌လည်းကောင်း၊ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံရှေ့၌လည်းကောင်း၊ ယနေ့တွင် ကမ္ဘာအေးစေတီလမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ကမ္ဘောဇဓာတ်ရုံ(အနုပညာဦးစီး)ရှေ့၌ လည်းကောင်း အသီးသီးစိုက်ထူပြီးကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေတက်မည်

**ရန်ကုန် စက်တင်ဘာ ၂၅**

၂၀၀၄ ခုနှစ် စက်တင်ဘာ ၂၇ရက်မှ အောက်တိုဘာ ၂ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၀၈ ပေခန့်မှ ၂၀ ဒသမ ၇၃ ပေခန့် အထိ ထူးကဲဒီရေ တက်ဖွယ်ရှိကြောင်း ကမ်းနားဒေသအတွင်း နေထိုင်ကြသော အများပြည်သူများအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေးအကြောင်းကြားထားသည်။

**(သတင်းစဉ်)**

# ကမ္ဘာ့နှလုံးကျန်းမာရေးနေ့

ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ကို World °°Heart Federation ခေါ် ကမ္ဘာ့နှလုံး ရောဂါစောင့်ရှောက်ရေးအဖွဲ့ကြီးက ၁၉၉၉ခုနှစ်မှစ၍ နှစ်စဉ် စက်တင်ဘာလ၏ နောက်ဆုံးပတ် တနင်္ဂနွေနေ့တွင် ကျင်းပလာခဲ့ရာ ယခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့၏ ဆောင်ပုဒ်မှာ **'ပုံမှန်လေ့ကျင့် အစားကိုချင့်၊ နှလုံးကျန်းမာတစ်သက်တာ'** (A Heart For Life) ဖြစ်သည်။ ကျင်းပရသည့် ရည်ရွယ်ချက်မှာ လူ့ဘဝတစ်လျှောက်လုံးတွင် နှလုံးရောဂါ ကင်းဝေးစေရန်အတွက် လိုအပ်သော ကျန်းမာရေး အသိပညာ၊ ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်ပြုမူ နေထိုင်ခြင်းကို တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် သိရှိလိုက်နာကြစေရန် လှုံ့ဆော်ဆောင်ရွက်ခြင်း ဖြစ်သည်။

ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ကို ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း၉၀ကျော်၌ နှစ်စဉ် ကျင်းပလာခဲ့သည်မှာ လေးနှစ်တိုင်ခဲ့ပြီ ဖြစ်သည်။ နှလုံးသွေးကြော ရောဂါ ဖြစ်လာနိုင်စရာရှိသော အခြေအနေများကို ကမ္ဘာပေါ်ရှိ လူတိုင်းလူတိုင်း သိရှိနားလည်ပြီး ကျန်းမာရေးနှင့် ညီညွတ်အောင် နေထိုင်စားသောက်စေရန် အတွက် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ ဆောင်ပုဒ်သတ်မှတ်ပြီး တွန်းအားပေး ဆောင်ရွက်ခြင်း ဖြစ်သည်။

(၅)ကြိမ်မြောက် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ကို ၂၀၀၄ခုနှစ် စက်တင်ဘာလ ၂၆ ရက်(ယနေ့)၌ တစ်ကမ္ဘာလုံးတွင် ကျင်းပမည်ဖြစ်သည်။ ယခုနှစ်အတွက် လမ်းညွှန်ချက်မှာ ဆယ်ကျော်သက်အရွယ် လူငယ်လူရွယ်များတွင် နှလုံးရောဂါ မဖြစ်ပွားစေရေး ဆောင်ရွက်ရန် ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ယူနက်စကိုနှင့် ကမ္ဘာ့နှလုံးရောဂါ စောင့်ရှောက်ရေးအဖွဲ့များ ၁၉၉၆ခုနှစ်တွင် သဘောတူ ညှိနှိုင်းချက်အရ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ကျောင်းနေရွယ် ကလေးငယ်များ၏ ကျန်းမာရေးကို ကာကွယ်မြှင့်တင်ရန်နှင့် ကျောင်းတွင်း ကျောင်းပြင် ကျန်းမာရေး နှင့် ညီညွတ်သောပတ်ဝန်းကျင် ဖြစ်စေရန် ရည်ရွယ်၍ ကျောင်းပညာရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်ဟူသော ရည်ရွယ်ချက်ကို အကောင်အထည် ဖော်ခြင်းလည်း ဖြစ်သည်။

လွန်ခဲ့သော ဆယ်စုနှစ်အတွင်း နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုး ရောဂါ၊ ကင်ဆာရောဂါကဲ့သို့သော မကူးစက်နိုင်သည့်ရောဂါများသည် ဖွံ့ဖြိုးပြီး နိုင်ငံများတွင် အဓိကကျန်းမာရေးပြဿနာ ဖြစ်လာသကဲ့သို့ ဖွံ့ဖြိုးဆဲ နိုင်ငံများ တွင်လည်း လူနေမှုဘဝ ပြောင်းလဲလာမှုကြောင့် ကျန်းမာရေးနှင့် မညီညွတ်သော စားသောက် နေထိုင်၊ ပြုမူဆောင်ရွက်မှုများကြောင့် အရေးပါသော ကျန်းမာရေး ဆိုင်ရာ ပြဿနာတစ်ခုဖြစ်လာသည်။ ကျန်းမာရေးနှင့် မညီညွတ်သောနေထိုင်မှု အလေ့အထများ အထူးသဖြင့် အာဟာရမမျှတသော အစားအစာများ စားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်း၊ ဆေးလိပ်သောက်ခြင်းတို့သည် နှလုံးရောဂါ ဖြစ်စေသော အခြေခံအကြောင်းရင်းများဖြစ်ပြီး ကလေးငယ်များ၊ ဆယ်ကျော်သက်အရွယ်မှစ၍ သတိပြုရှောင်ကြဉ်ရမည့် အချက်ဖြစ်သည်။ ယခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့အတွက် အဓိကလှုံ့ဆော်ချက်များမှာ ကိုယ်အလေးချိန်များခြင်းနှင့် ဆေးလိပ်သောက်ခြင်းကို တိုက်ဖျက်ရန်နှင့် ကိုယ်လက် လှုပ်ရှားမှုကို ဆောင်ရွက်စေခြင်းဖြင့် ကလေးငယ်များ နှလုံး ကျန်းမာရေး တိုးတက်ကောင်းမွန်စေရန် ဖြစ်သည်။

**မြန်မာနိုင်ငံတွင် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ကို ပထမဦးဆုံးအကြိမ်အဖြစ် ယခုနှစ် စက်တင်ဘာလ ၂၆ရက်(ယနေ့)တွင် ကျင်းပမည်ဖြစ်သည်။ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် နှလုံးသွေးကြောရောဂါဖြစ်ပွားမှုနှုန်းကို လူအများသတိပြုမိစေရန်နှင့် နှလုံးရောဂါဖြစ်စေနိုင်သော ရောဂါအခြေအနေများ နားလည်သိရှိနိုင်စေရန်၊ အရွယ်ရောက်ပြီးသူများသာမက အရွယ်မရောက်သေးသော ကလေးငယ်များနှင့် ဆယ်ကျော်သက်များပါ ကျန်းမာရေးနှင့်ညီညွတ်စွာ ပြုမူနေထိုင်သည့် အလေ့အထ ဖွံ့ဖြိုးလာစေရန် ကျင်းပခြင်းဖြစ်သည်။**

ကလေးငယ်များ၊ ဆယ်ကျော်သက်အရွယ်လူငယ်များတွင် တွေ့ရှိရသော နှလုံးရောဂါကို မွေးရာပါနှလုံးရောဂါနှင့် မွေးရာပါမဟုတ်ဘဲ နောက်ပိုင်းတွင် ဖြစ်သော နှလုံးရောဂါဟု နှစ်မျိုးခွဲခြားနိုင်သည်။ မြန်မာနိုင်ငံတွင် ကလေး ငယ်များ၌ ဖြစ်သော အရေးကြီးသော နှလုံးရောဂါမှာ လေးဖက်နာ နှလုံး ရောဂါဖြစ်သည်။

လေးဖက်နာရောဂါ၊ လေးဖက်နာနှလုံးရောဂါသည် ကလေးငယ်များနှင့် ဆယ်ကျော်သက်အရွယ်များတွင် အဖြစ်အများဆုံးနှင့် အဓိကကျန်းမာရေး ပြဿနာဖြစ်သည်။ အသက်ငါးနှစ်နှင့် ၁၄နှစ်အတွင်း ကလေးငယ်ပေါင်း ၂၄သန်းတွင် လေးဖက်နာ နှလုံးရောဂါဖြစ်နေကြောင်း သိရှိရသည်။ မြန်မာနိုင်ငံ တွင် မြို့ပေါ်ရှိ ကျောင်းနေအရွယ်ကလေး ၁၀၀၀လျှင် ခြောက်ဦးနှင့် ကျေးလက် ဒေသ၌ ၁၉ဦးသည် ဤရောဂါဖြစ်ပွားကြောင်း တွေ့ရသည်။

လေးဖက်နာရောဂါသည် အာသီးရောင်ခြင်းကို စနစ်တကျကုသမှု မခံယူမှုကြောင့်ဖြစ်သော နောက်ဆက်တွဲရောဂါဖြစ်သည်။ အာသီးရောင်ရောဂါကို ပင်နီဆလင်ဆေးဖြင့် ထိရောက်စွာ ကုသမှုပေးခြင်းဖြင့် လေးဖက်နာရောဂါ ဖြစ်ပွားမှုကို ကာကွယ်နိုင်သည်။ လေးဖက်နာ နှလုံးရောဂါဖြစ်သူများသည် နှလုံးရောင်ခြင်းကြောင့် နှလုံးအဆို့ရှင်များ ပျက်စီးလာပြီး အရွယ်ရောက်သည့် အချိန်တွင် နှလုံးရောဂါလက္ခဏာများကြောင့် လူ့သက်တမ်းစေ့နေနိုင်ခြင်းမရှိဘဲ ရောဂါဖိစီးမှုဒဏ်ကို ခံစားရမည်ဖြစ်သည်။ လေးဖက်နာရောဂါဖြစ်နေသူ အများ စုသည် ထိရောက်သောကုသမှု ခံယူရရှိခြင်းမရှိဘဲ လူနည်းစုသာလျှင်

ပါမောက္ခ ဒေါ်ခင်မေစန်း

ဆေးကုသမှု ခံယူနိုင်ပြီး အဆို့ရှင်ခွဲခြင်း၊ အဆို့ရှင်အစားထိုးခြင်း စသည်တို့ကို ငွေကုန်ကြေးကျများစွာဖြင့် ကုသနေရသည်။ ထိုသူများသည် လူ့သက်တမ်းစေ့ မနေရတော့ဘဲ စောစီးစွာ အသက်ဆုံးရှုံးရသည်။ သို့ပါ၍ လေးဖက်နာ နှလုံးရောဂါကို လူငယ်အရွယ်၊ ဆယ်ကျော်သက် အရွယ်များတွင် ဖြစ်ပွားမှု မရှိအောင် ကာကွယ်ကုသမှုပြုရန် လိုအပ်သည်။

ထို့အပြင် သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ အဆုတ်ကြောင့် ဖြစ်သော နှလုံးရောဂါ၊ လေဖြတ်ရောဂါများသည်လည်း အရေးကြီးသော နှလုံးနှင့် ဆက်နွှယ်နေသော ရောဂါများဖြစ်သည်။ ထိုရောဂါများဖြစ်စေသည့် အကြောင်းရင်းများမှာ ငယ်စဉ်ကပင် ဆေးလိပ်သောက်ခြင်း၊ ကိုယ်လက် လှုပ်ရှားမှုနည်းပါးခြင်း၊ ကျန်းမာရေးနှင့် မညီညွတ်သော အစားအစာများ စားသုံးခြင်းကြောင့် ဖြစ်သည်။ သို့ပါ၍ ငယ်ရွယ်စဉ်ကပင် ကျန်းမာရေးနှင့် ညီညွတ်သော ပြုမူနေထိုင်စားသောက်သည့် အလေ့အထကို ပျိုးထောင်ပေးခြင်း ဖြင့် ဘဝတစ်သက်တာလုံး နှလုံးရောဂါကင်းစေနိုင်မည် ဖြစ်သည်။

များကဲ့သို့ ရောဂါဖြစ်နိုင်သည်။ ကမ္ဘာပေါ်ရှိ ကလေးသူငယ်တစ်ဝက်ကျော်သည် ဆေးလိပ်သောက်သည့် မိဘများနှင့်အတူ ကြီးပြင်းလာကြရသူများ ဖြစ်သည်။ မြန်မာနိုင်ငံတွင် လေ့လာချက်များအရ အရွယ်ရောက်ပြီးသူ အမျိုးသား ၆၀ရာခိုင်နှုန်းနှင့် အမျိုးသမီး ၃၀ရာခိုင်နှုန်းသည် ဆေးလိပ်သောက်သူများဖြစ် ကြသည်။ ဆေးလိပ်သောက်သော မိဘများနှင့် အတူနေသော ကလေးများသည် ဆေးလိပ်သောက်သည့် အလေ့အထ အလွယ်တကူရရှိလာမည် ဖြစ်သည်။

ဆေးလိပ်ကင်းစင်သော ပတ်ဝန်းကျင်ဖြစ်ရန်အတွက် လူကြီးများ၊ အရွယ် ရောက်ပြီးသူများ ဆေးလိပ်ဖြတ်ရန် အားပေးဖို့လိုအပ်သလိုပင် ဆေးလိပ်ဖြတ် ပြီးသူများ ဆေးလိပ်ပြန်မသောက်ရန် ကြိုးပမ်းဆောင်ရွက်ရမည်။ မူလတန်း အရွယ်မှစ၍ ကျောင်းသူ ကျောင်းသားများအားလုံးကို ဆေးလိပ်၏ဆိုးကျိုး အန္တရာယ်များအကြောင်း ပညာပေးရန် လိုအပ်ပါမည်။

## လူငယ်နှင့်ကိုယ်အလေးချိန်များခြင်း

ကိုယ်အလေးချိန်များသော၊ ဝသောကလေးသည် ပုံမှန်ကိုယ်အလေးချိန် ရှိသောကလေးထက် သုံးဆပို၍ သွေးတိုးရောဂါဖြစ်နိုင်သည်။ ငယ်ရွယ်စဉ် ကိုယ်အလေးချိန်များသူ၊ ဝသောသူသည် အရွယ်ရောက်လာသည့်အခါ ရောဂါ ဖြစ်ပွားနှုန်းနှင့် သေဆုံးနှုန်း ပို၍များသည်ကိုလည်း တွေ့ရသည်။ သွေးချို ရောဂါပို၍ဖြစ်သည်ကိုလည်း တွေ့ရသည်။ လူကြီးများတွင်သာ ဖြစ်တတ်သော ဆီးချိုရောဂါ Type II Diabetes ကို ငယ်ငယ်ရွယ်ရွယ်နှင့် ဖြစ်ပွားနိုင်သည်။

ကိုယ်အလေးချိန်များသော၊ ဝသောကလေးငယ်အရေအတွက်မှာ တစ်ကမ္ဘာ လုံးအတိုင်းအတာဖြင့် များလာပြီး ကမ္ဘာတစ်ဝန်းရှိ အသက်ငါးနှစ်အောက် ကလေး ၂၂သန်းသည် ကိုယ်အလေးချိန်များသူများဖြစ်သည်ကို သိရသည်။ မြန်မာနိုင်ငံတွင် အထူးသဖြင့် မြို့ပြဒေသတွင် နေထိုင်သူကလေးများတွင် ကိုယ်အလေးချိန်များသူ၊ ဝသူအရေအတွက်တိုးပွားလာသည်ကို တွေ့ရှိရသည်။ လူနေမှုစနစ် ပြောင်းလဲလာမှုကြောင့် ရုပ်မြင်သံကြားရှေ့တွင်ထိုင်၍ အချိန်ကုန်နေ သည့် ကလေးငယ် အရေအတွက်များလာပြီး ကိုယ်လက်လှုပ်ရှားမှုနည်းလာ သည်။ ကျန်းမာရေးနှင့် မညီညွတ်သော အာဟာရမမျှတသည့် အချိုရည်များ၊ အာလူးကြော်၊ ဆီကြော်မုန့်များ ပိုမိုစားသုံးလာခြင်းကြောင့် ဖြစ်သည်။

သို့ဖြစ်၍ ကလေးငယ်များ ကိုယ်အလေးချိန်များမလာအောင် မိဘများက အနီးကပ်ပြုစုထိန်းသိမ်းပေးသင့်သည်။ ကျန်းမာရေးနှင့်ညီညွတ်သော အစား အစာကို စားသုံးစေရန်နှင့် သင့်လျော်သော ကိုယ်လက်လှုပ်ရှားမှုပြုလုပ်စေရန် လိုအပ်သည်။

## ကလေးငယ်နှင့် ကိုယ်လက်လှုပ်ရှားမှု

ရုပ်မြင်သံကြားနှင့် ကွန်ပျူတာများအသုံးပြုသူ များလာသည်နှင့်အမျှ ကိုယ်လက်လှုပ်ရှားမှု နည်းပါးလာသည်။ လူငယ်လူရွယ်များတွင် အများစု သုံးပုံနှစ်ပုံခန့်မှာ ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်ခြင်းမရှိပါ။ မြို့ပြဖွံ့ဖြိုးလာ မှုကြောင့် လူများမြို့ပေါ်သို့ ပြောင်းရွှေ့နေထိုင် လာမှု ကလေးငယ်များမှာ

**မြန်မာနိုင်ငံတွင် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ကို ပထမဦးဆုံးအကြိမ်အဖြစ် ယခုနှစ် စက်တင်ဘာလ ၂၆ ရက်(ယနေ့)တွင် ကျင်းပမည်ဖြစ်သည်။ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် နှလုံးသွေးကြောရောဂါ ဖြစ်ပွားမှုနှုန်းကို လူအများသတိပြုမိစေရန်နှင့် နှလုံးရောဂါဖြစ်စေနိုင် သော ရောဂါအခြေအနေများ နားလည်သိရှိနိုင်စေရန်၊ အရွယ်ရောက်ပြီးသူများသာမက အရွယ်မရောက်သေးသော ကလေးငယ်များနှင့် ဆယ်ကျော်သက်များပါ ကျန်းမာရေးနှင့် ညီညွတ်စွာ ပြုမူနေထိုင်သည့် အလေ့အထ ဖွံ့ဖြိုးလာစေရန် ကျင်းပခြင်းဖြစ်သည်။**

## လူငယ်နှင့်ဆေးလိပ်

လူငယ်များ ဆေးလိပ်သောက်သည့်အလေ့ကို စောစောပြုမူလေ ဆေးလိပ် ကြောင့်ဖြစ်သော ရောဂါမျိုးစုံကို ရရှိလေပင်ဖြစ်သည်။ လူငယ်ဘဝကတည်းက ဆေးလိပ်သောက်သူ တစ်ဝက်ကျော်သည် ဆေးလိပ်မှရသော ရောဂါကြောင့် ပင် သေဆုံးရသည်။ ကမ္ဘာတစ်ဝန်းတွင် ဆေးလိပ်သောက်သူ အများစုသည် ဆယ်ကျော်သက်အရွယ် လူငယ်ဘဝမှပင်စ၍ ဆေးလိပ်သောက်သည့် အလေ့ အကျင့် ရရှိသည်ကို တွေ့ရသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူငယ်လူရွယ် ၃၀ရာခိုင်နှုန်းကျော်သည် ဆေးလိပ် သောက်သည့် အလေ့အထရှိသည်ကို တွေ့ရသည်။ အသက်၁၃နှစ်နှင့် ၁၅နှစ်ကြား ယောကျ်ားကလေး ၃၀ရာခိုင်နှုန်းသည် ဆေးလိပ်သောက်သူများ ဖြစ်ကြသည်။ မြန်မာနိုင်ငံတွင် လေ့လာသုတေသနပြုချက်အရ အချို့ဒေသများတွင် ဆယ်ကျော် သက် ၅၀ရာခိုင်နှုန်းကျော် ဆေးလိပ်သောက်ကြောင်း သိရသည်။ လူငယ်နှင့် ဆေးလိပ်သည် အလွန်ပင်အရေးကြီးသည့် ကျန်းမာရေး ပြဿနာတစ်ရပ် ဖြစ်နေသည်မှာ ထင်ရှားသည်။

## ဆေးလိပ်ခိုးများနှင့် ပြည့်နေသောပတ်ဝန်းကျင်

ကလေးငယ်များသည် ဆေးလိပ်မသောက်သော်လည်း ဆေးလိပ်သောက် သူများအနီးတွင်နေရင်း ဆေးလိပ်ခိုးငွေ့ ရှူနေရပါက ဆေးလိပ်သောက်သူ အိမ်ထဲတွင်သာ နေထိုင်သွားလာကြပြီး ကိုယ်လက် လှုပ်ရှား ကစားခြင်းများ လျော့နည်းသွားသည်။လူနေမှုစရိုက်များ ပြောင်းလဲ လာသည်။ ယခုအခါ လမ်းလျှောက်ခြင်း၊ အားကစားလှုပ်ရှားခြင်းများ ပြုလုပ်စေရန် ကစားကွင်းများ ပန်းခြံများ တည်ဆောက်ပေးထားသော်လည်း စိတ်ပါဝင်စားပြီး လိုက်နာလုပ်ဆောင်ကြရန် လိုအပ်နေပါသည်။

အစားအသောက်ကို အာဟာရမျှတအောင် ချင့်ချိန်စားသောက်တတ် ရန်လိုအပ်ပါသည်။ ကိုယ်လက်လှုပ်ရှား ကစားသည့် အလေ့အကျင့်များကို ကလေးဘဝမှစတင်၍ စွဲမြဲသောအကျင့် ရရှိသွားအောင် မိဘ၊ ဆရာများနှင့် ပတ်ဝန်းကျင်ကပါ ဆောင်ရွက်ပေးရမည်။ သို့မှသာ ဘဝတစ်သက်တာလုံး နှလုံးရောဂါ အမျိုးမျိုးမှ ကင်းဝေးကာ ကျန်းမာပျော်ရွှင်စွာ အသက်ရှည်နိုင်မည် ဖြစ်သည်။ ထို့ကြောင့် ယခုနှစ်အတွက် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့၏ ဆောင်ပုဒ် ဖြစ်သော **"ပုံမှန်လေ့ကျင့် အစားကိုချင့်၊ နှလုံးကျန်းမာ တစ်သက်တာ"** ဆိုသည့်အတိုင်း ကလေးငယ်များ၊ ဆယ်ကျော်သက်များတွင် နှလုံးရောဂါ ကင်းဝေးစေရေးအတွက် ငယ်ရွယ်စဉ်ကပင် ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်ပြုမူတတ်လာစေရန်နှင့် လူကြီးဘဝတွင် ကျန်းမာသော နှလုံးသားပိုင်ရှင် ဖြစ်လာစေရန်အတွက် ပြည်သူတစ်ရပ်လုံးက ကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ကမ္ဘာ့နှလုံးကျန်းမာရေးနေ့**

World Heart Day

၂၀၀၆-ခုနှစ်၊ စက်တင်ဘာလ ၂၆ရက်

**ပုံမှန်လေ့ကျင့်အစားကိုချင့်၊ နှလုံးကျန်းမာတစ်သက်တာ**

"A Heart for Life"

ကျန်းမာရေးဝန်ကြီးဌာန။

# မြန်မာ့ဆေးပညာသမိုင်း၌မော်ကွန်းထိုးရမည့် အသည်းအစားထိုးခွဲစိတ်ကုသမှုအောင်မြင် အောင်မြင်အောင်ပါဝင်စွမ်းဆောင်ပေးခဲ့ကြသူများအား နိုင်ငံတော်ကိုယ်စားချီးကျူးဂုဏ်ပြု ပြည်သူများ၏ကျန်းမာကြံ့ခိုင်မှုနှင့်ဆေးပညာလောက တိုးတက်အောင်မြင်မှုအတွက်ဆက်လက်ကြိုးပမ်း





ရန်ကုန် စက်တင်ဘာ ၂၅

**အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ကြသည့် အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့ဝင်များအား ယနေ့ညဇနာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဂေဟာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**

## တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ အမျိုးသားကျန်းမာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ်၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျန်းမာရေး ဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှဥက္ကဋ္ဌများ၊ အသည်းအစားထိုး ခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်ခဲ့သော ခွဲစိတ်အထူးကုဆရာဝန်ကြီးပါမောက္ခ ဒေါက်တာ နော်မန်လှနှင့် အထူးကု ဆရာဝန်ကြီးများ၊ဆရာဝန်များ၊သူနာပြုအုပ်နှင့် သူနာပြု ဆရာမများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မြန်မာ့ဆေးပညာသမိုင်း၌ မော်ကွန်းရေးထိုးရမည့် အသည်းအစားထိုး ခွဲစိတ်ကုသမှု အောင်မြင်သည့် အထိမ်းအမှတ်အနေဖြင့် ယင်းသို့ အောင်မြင်အောင် ပါဝင်စွမ်းဆောင်ပေးခဲ့ကြသည့် ခွဲစိတ်အထူးကု ဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၊ မေ့ဆေး ဆရာဝန်ကြီးများ၊ သူနာပြုများ အပါအဝင် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့သူများကို နိုင်ငံတော်ကိုယ်စား ချီးကျူးဂုဏ်ပြုရခြင်း ဖြစ်ကြောင်း။

ယခုကဲ့သို့ မြန်မာနိုင်ငံတော်၌ ပထမဆုံးအကြိမ် အသည်းအစားထိုး ကုသဆောင်ရွက် အောင်မြင်ခဲ့ခြင်းသည် ထူးခြားမြင့်မားသော စွမ်းဆောင်မှုဟု ဆိုနိုင်ကြောင်း။

## အောင်မြင်ဖြစ်ထွန်းလာ

ဆေးပညာရှင်ကြီးများ၏ ခိုင်မာသော သန္နိဋ္ဌာန်စိတ်ဓာတ်ဖြင့် မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသဖြင့် ယခုကဲ့သို့ အောင်မြင်မှု ရရှိခဲ့ခြင်း ဖြစ်ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရ၏ အားပေးပံ့ပိုးမှုများဖြင့် ကြိုတင်ပြင်ဆင်မှု အစီအမံများကို ၂၀၀၂ ခုနှစ်ခန့်က စတင်ပြီး ပီပီပြင်ပြင် စီမံဆောင်ရွက်လာခဲ့ရာ ယနေ့အောင်မြင်ဖြစ်ထွန်းမှုများ လက်တွေ့ရရှိ ဖြစ်ထွန်းလာခဲ့ခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော် အစိုးရအနေဖြင့် မြန်မာနိုင်ငံ၌ အသည်းအစားထိုး ခွဲစိတ်ကုသနိုင်ရေးမျှော်မှန်းပြီး ဆေးပညာရှင်များအား ပြည်ပသို့ ပညာတော်သင်စေလွှတ်မှုများ၊ ခွဲစိတ်အထူးကုသမားတော်ကြီးများအား ပြည်ပသို့ လေ့လာရေးခရီးစေလွှတ်မှုများ စီစဉ်ဆောင်ရွက်ပေးခဲ့သလို လိုအပ်သည့် ခေတ်မီရောဂါရှာဖွေရေးကိရိယာများ၊ ခွဲစိတ်ခန်းသုံး ပစ္စည်းကိရိယာများကို ဝယ်ယူဖြည့်တင်းပေးခဲ့ကြောင်း၊ ထို့အပြင် အသည်းအစားထိုး ခွဲစိတ်ကုသမှု ဖြစ်မြောက်ရေးအတွက် စနစ်တကျ ကြိုတင်ပြင်ဆင်မှုများ၊ ကြိုတင်လေ့ကျင့်မှုများကို အကြိမ်ပေါင်းများစွာ အထပ်ထပ်အခါခါ ဆောင်ရွက်ခဲ့ကြကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးတွင် လူ့စွမ်းအား အရင်းအမြစ်များဖြစ်သည့် ပညာရှင်များ၊ ဘက်စုံကဏ္ဍစုံတွင် ပေါ်ထွန်းနေရန်လိုကြောင်း။

## ပြည်သူ့အကျိုး ကြိုးပမ်းရွက်ဆောင်

အလားတူပင် ပေါ်ထွန်းလာသည့် ပညာရှင်များက နိုင်ငံတော်အကျိုး၊ ပြည်သူများအကျိုးအတွက် ကြိုးပမ်းစွမ်းဆောင်ပေးကြရန်လည်းလိုကြောင်း။

မြန်မာနိုင်ငံ ဆေးပညာရှင်များ အနေဖြင့် နိုင်ငံတော်၏ အားပေးပံ့ပိုးမှုနှင့်အတူ မိမိတို့ပညာရှင်အချင်းချင်း စည်းလုံးညီညွတ်သောစိတ်ထားဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသဖြင့် မြန်မာ့ဆေးပညာလောကတွင် ထူးခြားသော စွမ်းဆောင်အောင်မြင်မှုများ ဖြစ်ထွန်းနေပြီလည်း ဖြစ်ကြောင်း။

ယနေ့ အချိန်အခါတွင် Open Heart Surgery ခေါ်သည့် နှလုံးရပ်ခွဲစိတ်ကုသမှု၊ နှလုံးသွေးကြောကျဉ်းရောဂါကိုမခွဲမစိတ်ဘဲ Balloon ဖြင့် သွေးကြောချဲ့ ကုသမှု၊ PTCA & Stent Deployment ခေါ်သည့် သွေးကြောချဲ့ပြီး သတ္တုကွင်းစွပ်၍ ကုသပေးမှု၊ မျက်စိအထူး ခွဲစိတ်ကုသမှု၊ မျက်နှာမေးရိုးနှင့် ခံတွင်းခွဲစိတ်ကုသမှု၊ ဦးနှောက်နှင့် အာရုံကြော ခွဲစိတ်ကုသမှု စသည့် အဆင့်မြင့် ခွဲစိတ်ကုသမှုများကို အကြိမ်ပေါင်း မြောက်မြားစွာ စွမ်းဆောင်နိုင်လျက်ရှိသည်ကို တွေ့ရကြောင်း။

ထို့အပြင် မြန်မာ့ဆေးပညာဖွံ့ဖြိုးတိုးတက်မှု သမိုင်း၌ မော်ကွန်းကမ္ပည်းရေးထိုးနိုင်ခဲ့သော စွမ်းဆောင်မှုများဖြစ်သည့် ကျောက်ကပ် အစားထိုးခွဲစိတ်ကုသမှု၊ ကိုယ်ချင်းဆက်အမြွှာများ၊တင်ပါးဆုံချင်းဆက်အမြွှာများ ခွဲစိတ်ကုသမှု၊ Hand Micro Surgery ခေါ်သည့်လုံးဝပြတ်တောက်သွားသောလက်ကို ပြန်လည် ဆက်ပေးသည့် အဏုစိတ်ခွဲစိတ် ကုသမှုတို့ကို ထူးထူးခြားခြား စွမ်း ဆောင်အောင်မြင်လျက်ရှိနေပြီ ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် အရှေ့တောင်အာရှရှိ ဖွံ့ဖြိုးပြီး နိုင်ငံများနှင့်ရင်ပေါင်တန်းနိုင်စေရမည်ဆိုသည့် ရည်မှန်းချက်ဖြင့် လွန်ခဲ့သည့် လေးနှစ်ခန့်ကစတင်ပြီး စနစ်တကျစီမံကိန်းများ ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း။

## ခေတ်မီဆေးလောက

ခေတ်မီတိုးတက်သော ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ ပြည့်စုံစွာဝယ်ယူဖြည့်တင်းပေးခဲ့ပြီး ခေတ်မီတိုးတက်သော ဆေးလောကဖြစ်ထွန်းလာစေရေးအတွက် အားပေးဆောင်ရွက်ခဲ့ကြောင်း။

ဤကဲ့သို့ နိုင်ငံတော်အစိုးရက အားပေးပံ့ပိုးမှုနှင့်အတူ ဆေးပညာရှင်ကြီးများ၏ လုံ့လ ဝီရိယအား၊ စေတနာအား၊ စည်းလုံးညီညွတ်မှုအားတို့ဖြင့် ကြိုးပမ်းဆောင်ရွက်အောင်မြင်ခဲ့ခြင်းပင် ဖြစ်ကြောင်း။

## ထိုက်တန်စွာဂုဏ်ပြု

ထို့ကြောင့် အသည်းအစားထိုး ခွဲစိတ်ကုသအောင်မြင်ခဲ့သည့် အထိမ်းအမှတ်ဖြင့် ပါဝင်စွမ်းဆောင်ခဲ့သူများအားလုံးကို နိုင်ငံတော်အစိုးရက ယနေ့ ထိုက်တန်စွာချီးကျူးဂုဏ်ပြုရခြင်းဖြစ်ကြောင်း။

ဆက်လက်ပြီးလည်း ပြည်သူများ၏ ကျန်းမာကြံ့ခိုင်မှုနှင့် ဆေးပညာလောက တိုးတက်အောင်မြင်မှုအတွက် ကြိုးပမ်း စွမ်းဆောင်နိုင်ကြစေရန် ဆန္ဒပြုပါကြောင်း ပြောကြားသည်။

## အမှာစကားပြောကြား

**အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုး ခွဲစိတ်ကုသမှု အောင်မြင်စွာဆောင်ရွက်ခဲ့ကြသည့် အထူးကု ဆရာဝန်ကြီးများနှင့်အဖွဲ့ဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)**

ထို့နောက် ဂုဏ်ပြုခံ အထူးကု ဆရာ ဝန်ကြီးများကိုယ်စား ရန်ကုန် အထွေထွေရောဂါကု ဆေးရုံသစ်ကြီးမှ ပါမောက္ခ ဌာနမှူး (ဆေးပညာဌာန) ဒေါက်တာစောနိုင်က မြန်မာနိုင်ငံ၏ ဆေးပညာကဏ္ဍတွင် သမိုင်းတွင်ရစ်မည့် ယခုကဲ့သို့ အသည်းအစားထိုး ကုသမှုအောင်မြင်ရေးအတွက် အဘက်ဘက်မှ အားပေးပံ့ပိုးပေးခဲ့သည့် နိုင်ငံတော်အစိုးရအား ကျေးဇူးအထူးတင်ရှိပါကြောင်း ပြန်လည် ပြောကြားသည်။

ယင်းနောက်အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ကြသည့် ခွဲစိတ်အထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ နော်မန်လှ ခေါင်းဆောင်သော အထူးကု ဆရာဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များအား ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

## ဖျော်ဖြေ

ညစာမသုံးဆောင်မီနှင့်သုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံ ခေတ်ပေါ် တီးဝိုင်းနှင့် တွဲဖက်၍ တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။ **(သတင်းစဉ်)**



**အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံ၌ ပထမဆုံး အကြိမ်အဖြစ် အသည်းအစားထိုးခွဲစိတ်ကုသမှု အောင်မြင်စွာဆောင်ရွက်ခဲ့ကြသည့် အထူးကုဆရာဝန်ကြီးများနှင့် အဖွဲ့ဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် ခွဲစိတ်အထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာနော်မန်လှနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)**





ပြင်သစ်နိုင်ငံ ပါရီမြို့၌ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး နိုးဆော်ချက် မြေစိုက်ပိုစတာဖွင့်ပွဲ နှင့် ကျောင်းဖြစ်မြောက်ရေး ကော်မတီရုံးခန်း ဖွင့်ပွဲအခမ်းအနားတွင် ကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီနာယက သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က ကျောင်းဖြစ်မြောက်ရေး နိုးဆော်ချက် မြေစိုက်ပိုစတာကြီးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ **(သတင်းစဉ်)**

# ပါရီမြို့၌ထေရဝါဒဗုဒ္ဓသာသနာပြုမြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး နိုးဆော်ချက်ပိုစတာနှင့်ဖြစ်မြောက်ရေးကော်မတီရုံးခန်းဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၅

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီးရှိ အဘိဓမ္မာဓမ္မဗိမာန်တော်ကြီး၌ကျင်းပသည့် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးနိုးဆော်ချက် မြေစိုက်ပိုစတာဖွင့်ပွဲ နှင့် ကျောင်းဖြစ်မြောက်ရေးကော်မတီရုံးခန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။**

**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ကျောင်းဖြစ်မြောက်ရေး ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ အခမ်းအနားကို ကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီနာယကများ ဖြစ်ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ မွေးမြူရေး နှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့်ကျောင်း တော်ကြီးဖြစ်မြောက်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးရှိန်ဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**စက်ခလုတ်နှိပ်**

ထို့နောက် ကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီနာယက သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ကျောင်း ဖြစ်မြောက်ရေးနိုးဆော်ချက် မြေစိုက် ပိုစတာကြီးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်းကို ကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဗိုလ်မှူး သိန်းသန်း(ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌ(၂) ဒေါ်သီဂီဝင်းနှင့် ဒုတိယဥက္ကဋ္ဌ(၃) ဦးခင်မောင်အေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ရုံးခန်း အတွင်း ခင်းကျင်းပြသထားသော ပြည်တွင်း ပြည်ပ သာသနာပြု ဆရာတော် ကျွန်းနံ့သာ အရှင်နန္ဒသိရီ၏ သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ၏ လှုပ်ရှားဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**



**ပြင်သစ်နိုင်ငံ ပါရီမြို့၌ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး နိုးဆော်ချက် မြေစိုက်ပိုစတာဖွင့်ပွဲနှင့် ကျောင်းဖြစ်မြောက်ရေးကော်မတီ ရုံးခန်းဖွင့်ပွဲအခမ်းအနားတွင် ကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီနာယကများဖြစ်ကြသော ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးရှိန်ဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

# ပညာရေးဆိုင်ရာဟောပြောပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၅**

အပြည်ပြည်ဆိုင်ရာ ပညာရေးစနစ်ကို ကျောင်းသား ကျောင်းသူများ သိရှိနားလည်နိုင်ရန်နှင့် ကုန်ကျစရိတ်သက်သာမည့် Study Option Available in France ကို EDUCASIA International Language School (France) နှင့် ပူးပေါင်းကာ အခမဲ့ဟောပြောပွဲကို အောက်တိုဘာ ၉ ရက် ညနေ ၃ နာရီတွင် Grand Plaza Park Royal Hotel ၌ ကျင်းပမည်ဖြစ်သည်။

ယင်းသင်တန်းများ ဝင်ခွင့်ရရှိရန်လိုအပ်သော သင်တန်းများကိုလည်း အတွေ့အကြုံရှိ ဆရာမများကိုယ်တိုင် သင်ကြားပေးလျက်ရှိသည်။

ဟောပြောပွဲ တက်ရောက်ခွင့်လက်မှတ်များကို Progressive Engineering & Language Training Centre အခန်း ၃၀၄ (တတိယထပ်)၊ MGW Centre(အာလာဒင်အပေါ်ထပ်) ဗိုလ်အောင်ကျော်လမ်း ဗိုလ်တထောင်မြို့နယ်နှင့် ဖုန်း–၂၄၅၈၆၆၊ ၀၉–၅၀၀–၈၇၇၅ တို့သို့ ဆက်သွယ်စုံစမ်း တက်ရောက်နိုင်ကြောင်း သိရသည်။ **(က–ပ)**

# မြန်မာ–ကိုရီးယားအပြည်ပြည်ဆိုင်ရာသစ်လုပ်ငန်းလီမိတက် နှစ်လည်စည်းဝေး ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၂၅

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်သည် ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၌ကျင်းပသော မြန်မာ–ကိုရီးယား အပြည်ပြည်ဆိုင်ရာ သစ်လုပ်ငန်း လီမိတက်၏ (၁၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။**

အစည်းအဝေးသို့ သစ်တောရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ–ကိုရီးယား အပြည်ပြည်ဆိုင်ရာ သစ်လုပ်ငန်းလီမိတက်မှ ဒါရိုက်တာအဖွဲ့ဝင်များ၊ အစုရှယ်ယာဝင်များဖြစ်သည့် ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်းမှ ဒုတိယဥက္ကဋ္ဌ Mr. C.M. Rim ၊ SAMK.T.R ကော်ပိုရေးရှင်းမှ Mr. B.H.Lee နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

အစည်းအဝေးတွင် မြန်မာ–ကိုရီးယား အပြည်ပြည်ဆိုင်ရာ သစ်လုပ်ငန်း လီမိတက်မှ မန်နေဂျင်း ဒါရိုက်တာ Mr. Jung Han Kim က လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ ဒါရိုက်တာ Mr. Y.G.Kim က ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးနှစ်ချုပ် စာရင်းအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ထို့နောက် အစီရင်ခံစာနှင့် ဘဏ္ဍာရေး နှစ်ချုပ်စာရင်းများကို ဒါရိုက်တာအဖွဲ့ဝင်များ၏ သဘောထားရယူ၍ အတည် ပြုချက်ရယူသည်။

**လွှဲပြောင်းပေးအပ်**

ဆက်လက်၍ မန်နေဂျင်းဒါရိုက်တာ Mr. Jung Han Kim က သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ အတွက် အလှူငွေ ကျပ်သိန်း ၅၀ ကို သစ်တောဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူးချုပ် ဗိုလ်မှူးကြီးအေးမြင့်မောင်ထံသို့ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် ဒါရိုက်တာ Mr. Y.G. Kim က ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်း ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ထောက်ကြန့်ပုပ္ပားကျောင်း တရားစခန်းပွဲ

**ရန်ကုန် စက်တင်ဘာ ၂၅**

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ပုပ္ပားကျောင်း ပဓာန နာယက ဘဒ္ဒန္တပဏ္ဍိစ္စကြီးမှူး၍ (၅၂) ကြိမ်မြောက် တော်သလင်းလပြည့်ကျော် ၂ရက်မှ ၁၂ရက်အထိ (စက်တင်ဘာ ၃၀ရက် မှ အောက်တိုဘာ ၁၀ ရက်)အထိအနန္တငါးပါးပူဇော်ပွဲ၊ ဒုလ္လဘရဟန်းခံပွဲ၊ ခင်ပွန်းကြီး ၁၀ ပါး ပူဇော်ပွဲ၊ သက်ကြီးပူဇော်ပွဲ၊ သတ္တဝါ ဘေးမဲ့လွှတ်ပွဲ၊ ပါရမီ ၁၀ပြုကျင့်ပွဲ၊ မဟာသတိပဋ္ဌာန် ဝိပဿနာတရားစခန်း ပွဲကြီးကျင်းပမည်ဖြစ်ရာ တရားစခန်းဝင် သံဃာတော်များ၊ ယောဂီများ အသက်လွတ် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ လှူဒါန်းလိုသော အလှူရှင်များသည် ဖုန်း–၆၀၀၀၂၈သို့ ဆက်သွယ် လှူဒါန်း နိုင်ကြောင်းသိရသည်။ **(က–ပ)**


# လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
- သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
- ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
- ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

**ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။**

## နိဗ္ဗာန်ရောက်ကြောင်းတရားတော်ဟောကြားမည်

**ရန်ကုန် စက်တင်ဘာ ၂၅**

၁၃၆၆ခုနှစ် တော်သလင်းလပြည့်နေ့ (စက်တင်ဘာ၂၈ရက်) အင်္ဂါနေ့ မွန်းလွဲ၁၂နာရီခွဲတွင် ရန်ကုန်တိုင်း သာကေတမြို့နယ် (၇)ရပ်ကွက် အာဒိကာရုံကျောင်းတိုက်၊ မင်္ဂလာသီရိကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တကုဏ္ဍက (သာသနဓဇ ဓမ္မာစရိယ၊ သာသနတက္ကသီလ မဟာဓမ္မာစရိယ)အရှင်သူမြတ်ကလည်းကောင်း၊ ညနေ၃နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ မြို့မအလယ်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်ဘဒ္ဒန္တပညာဝံသ (အစိုးရ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)အရှင်သူမြတ်ကလည်းကောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



**ကန်တော်ကြီး သဘာဝဥယျာဉ်ရှိ ရွှိုင်ရယ်ဂါးဒင်းစားသောက်ဆိုင် ဆိုင်းဘုတ်ကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ အမှတ်(၄)စစ်ဒေသမှူး ဗိုလ်မှူးကြီးရန်နိုင်ဦးနှင့် ရွှိုင်ရယ်ဂါးဒင်းမှ ဦးလှသိန်းနှင့် ဦးဌေးရင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (မြန်မာ့အလင်း)

## ကန်တော်ကြီးဥယျာဉ် Central Forest Zone အတွင်း ရွှိုင်ရယ်ဂါးဒင်းစားသောက်ဆိုင်ဖွင့်ပွဲအခမ်းအနားကျင်းပ



ရန်ကုန် စက်တင်ဘာ ၂၅

**ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့်တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယနေ့နံနက် ၈နာရီတွင် ကန်တော်ကြီးဥယျာဉ် Central Forest Zone အတွင်း စားသောက်ဆိုင်များ ရွှေ့ပြောင်းနေရာချထားရေးဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် Royal Garden စားသောက်ဆိုင် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။**

အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ စစ်ဒေသမှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့်အဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Royal Garden စားသောက်ဆိုင်ပိုင်ရှင် ဦးဌေးရင်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ အမှတ်(၄)စစ်ဒေသမှူး ဗိုလ်မှူးကြီး ရန်နိုင်ဦး၊ Royal Garden စားသောက်ဆိုင်ပိုင်ရှင်များဖြစ်သည့် ဦးဌေးရင်နှင့် ဦးလှသိန်းတို့က Royal Garden စားသောက်ဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

### စက်ခလုတ်နှိပ်

ယင်းနောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက Royal Garden စားသောက်ဆိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် မြို့တော်ဝန်တို့သည် Royal Garden စားသောက်ဆိုင်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံတည်ဆောက်ရေးလုပ်ငန်းတွင် အဆင့်မြင့်စားသောက်ဆိုင် စုစုပေါင်းလေးဆိုင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

### ကြည့်ရှုစစ်ဆေး

ဖွင့်ပွဲအခမ်းအနား အပြီးတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးများနှင့် မြို့တော်ဝန်တို့သည် ကန်တော်ကြီးဥယျာဉ် Central Forest Zone အတွင်း Rock Garden တည်ဆောက်နေမှု အခြေအနေများကိုလည်းကောင်း၊ ပုပ္ပားတောင်ကလပ် ပုံစံတူ မျှော်စင်တည်ဆောက်နေသည့် လုပ်ငန်းခွင်အတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### အမြန်ပြီးစီးရေး

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးများနှင့် မြို့တော်ဝန်တို့က တာဝန်ရှိသူများအား တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းမီစွာဖြင့် အမြန်ပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စူပါသတင်းဂျာနယ် အမှတ်(၃၂)ဖြန့်ချိ

**ရန်ကုန် စက်တင်ဘာ ၂၅**

ကြော်ငြာသွားရိုက်မယ့် ပွင့်သစ်စ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် မေနန်းခေါင်၊ သတင်းမီဒီယာတွေ ချီးကျူးခံရတဲ့ ကိုရီးယားရုပ်ရှင်မင်းသမီး ဆန်းယုဆန်း အကြောင်း၊ နိုင်ငံတကာ ဂီတဆုများရပြီး ဖက်ရှင်ဒီဇိုင်းကုမ္ပဏီများမှ အဝတ်အစားများကို ဝတ်ဆင်ပေးသည့်အတွက် ဒေါ်လာသန်းရာချီသော စာချုပ်ချုပ်ဆိုထားရသူ ပေါ့ပ်အမျိုးသမီးအဆိုတော် ခရစ္စတီးနားအာဂွါရီးလားရဲ့ ပုံပြင်၊ ကိုရီးယားဇာတ်လမ်းတွဲများဖြစ်သော မဆုတ်မနစ်ဇာတ်လမ်းမှ ယူမီနှင့် ညီအစ်မလေးဖော်ဇာတ်လမ်းမှ ဂျင်ဂျီမီးတို့၏ လက်ထပ်မင်္ဂလာ၊ ထူးခြားဆန်းကြယ်တဲ့ ပုံရိပ်အပြရသနှင့် ဂီတရသများဖြင့် ပေါင်းစပ်ထားတဲ့ ချစ်သူနားဆင်ဖို့စသော ရုပ်ရှင်နှင့် ဂီတအနုပညာ စူပါတို့၏ ဘဝကောက်ကြောင်းများ အပါအဝင် ရုပ်ရှင်နှင့်ဗီဒီယို သရုပ်ဆောင် ဆုမြတ်ရွှေစင် စတိုင်လ်အလှရောင်စုံဓာတ်ပုံတို့ဖြင့် စူပါသတင်းဂျာနယ်အမှတ်(၃၂)ကို ဆင်တောင်ကြီးစာပေ အမှတ် ၄၁၊ ၂၉လမ်း ရန်ကုန်မြို့က ဖြန့်ချိထားကြောင်းသိရသည်။ **(က-ပ)**

## ဗိုလ်တထောင်အထက (၄) ပညာရည်ချွန်ဆုချီးမြှင့်

**ရန်ကုန် စက်တင်ဘာ ၂၅**

ဗိုလ်တထောင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ် မိဘဆရာအသင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ သဘာပတိ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသိန်း၊ မြို့နယ်ပညာရေးမှူး ဦးကျင်အောင်နှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကြည်သန်းတို့က အမှာစကားပြောကြားကြကာ ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို တင်ပြသည်။

ထို့နောက် အမှုဆောင်အသစ် ဒုတိယဥက္ကဋ္ဌ ဒေါ်မေပုလဲက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ် ပညာရည်ချွန်ဆုများကို ချီးမြှင့်သည်။ **(သတင်းစဉ်)**

## မှော်ဘီအထက(၂)နှစ်လည်စည်းဝေး

**ရန်ကုန် စက်တင်ဘာ ၂၅**

၂၀၀၃-၂၀၀၄ ပညာသင်နှစ် အထက(၂)မှော်ဘီ၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုနှင်းပွဲ အခမ်းအနားကို မှော်ဘီဆရာသိန်းခန်းမတွင် ကျင်းပရာ တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးတင်ဦး၊ မြို့နယ်ပညာရေးမှူးနှင့် တပ်ရင်းတပ်ဖွဲ့မှ အရာရှိများ၊ ကျောင်းအုပ်ဆရာကြီးဦးသန်းဌေးနှင့်ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် မိဘများ၊ ဆုရကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။ **(က-ပ)**

## နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ ဖြစ်သည်။

**၂၀၀၄ ခုနှစ်၊ စက်တင်ဘာလအတွက်**

**နောက်ဆုံးပတ်(တနင်္ဂနွေနေ့)**

**(၂၆-၉-၂၀၀၄)ရက်နေ့**

**၂၀၀၄ ခုနှစ်၊ အောက်တိုဘာလအတွက်**

**(၁၀-၁၀-၂၀၀၄)ရက်နေ့နှင့်**

**(၃၁-၁၀-၂၀၀၄)ရက်နေ့**

## ကွက်ကျားမိုး

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုး ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

## စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

- ✻ မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
- ✻ သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
- ✻ ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
- ✻ သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
- ✻ အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

## တောင်ငူ ရွှေမင်းဝင် ဝိပဿနာတရားစခန်း

**ရန်ကုန် စက်တင်ဘာ ၂၅**

တောင်ငူမြို့(မြတ်စောညီနောင်ဘုရားအနီး) ရွှေမင်းဝင် ဝိပဿနာ တရားစခန်းတွင် အနာဂါမ် ဆရာသက်ကြီး၏ တပည့် ကမ္မဋ္ဌာနာစရိယချုပ် မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးသန်းနှင့် အမှုဆောင်များ ကြီးမှူး၍ စက်တင်ဘာ ၂၈ရက်မှ အောက်တိုဘာ ၁၀ ရက်အထိ ကိုးရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။ အားထုတ်လိုသော ယောဂီများ တစ်ရက်ကြို၍ လာရောက်ရန်နှင့် လူဦးရေ ကန့်သတ်ထား၍ ဦးမြင့်ရွှေ ဖုန်း ၀၅၄–၂၁၇၀၇၊ ဦးတင့်လွင် ဖုန်း–၀၅၄–၂၁၅၅၀၊ ဒေါ်ခင်ရီ ဖုန်း–၀၅၄–၂၁၆၀၁၊ ဦးသက် လွင် ဖုန်း–၀၅၄–၂၄၅၂၈ တို့သို့ ကြိုတင် စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က–ပ)**



**စက်တင်ဘာ ၂၅ ရက်က ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓဘာသာ ကျောင်း တော်ကြီးဖြစ်မြောက်ရေး ရုံးခန်း ဖွင့်ပွဲတွင် ဦးသိန်းလွင် – ဒေါ်ခင်မြင့်ဝင်း၊ သမီး နေနေလွင်နှင့် သား ဗိုလ်ဗိုလ်လွင် မိသားစု (၅၆၊၃ လမ်း၊လမ်းမတော်မြို့နယ်) က အလှူတော်ငွေ ကျပ်တစ်သိန်းကို ဥက္ကဋ္ဌ ဦးရှိန်ဝင်းသို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)**

## ကြည့်မြင်တိုင် အထက(၂) အာစရိယပူဇော်ပွဲ

**ရန်ကုန် စက်တင်ဘာ ၂၅**

ကြည့်မြင်တိုင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (ဟုမ်းလမ်း၊ထီးတန်း) ၁၉၅၁–၈၁ ခုနှစ် ကျောင်းသားကျောင်းသူများ၏ (၁၆) ကြိမ်မြောက် အာစရိယပူဇော်ပွဲ နှင့် ထူးချွန် ကျောင်းသားကျောင်းသူများ ဂုဏ်ပြုပွဲ ကို ဒီဇင်ဘာ၆ရက် (အမျိုးသားနေ့) တွင် ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲ ငွေပဒေသာပင် စိုက်ထူလှူဒါန်းနိုင်ရေး အတွက် အစည်းအဝေးကို အပတ်စဉ် (တနင်္ဂနွေနေ့) တိုင်း မွန်းလွဲ ၁နာရီတွင် ကျင်းပလျက်ရှိရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(က–ပ)**

## ဖခင်အမည်မှန်

ချောင်းဦးမြို့ အထက ဒသမတန်း(A)မှ မမွန်မွန်ဇော်၏ ဖခင်အမည်မှန်မှာ ဦးကျင်ကွမ်း ဖြစ်ပါသည်။ **ဦးကျင်ကွမ်း။**

## စိန်ရတုပူဇော်ပွဲ

**ရန်ကုန် စက်တင်ဘာ ၂၅**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၆) ရပ်ကွက် ဇေယျာခေမာလမ်း တေဇစက္ကီ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၏ ကျေးဇူးတော်ရှင် တေဇစက္ကီဆရာတော် ဝိပဿနာတရား စတင် ဟောကြားတော်မူသော (၆၆)နှစ်ပြည့် စိန်ရတုအကြိုပူဇော်ပွဲနှင့် တေဇစက္ကီ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်များ၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဓမ္မိကဝရ သက်တော် (၇၅)နှစ်ပြည့် စိန်ရတုပူဇော်ပွဲကို စက်တင်ဘာ ၂၈ရက် (အင်္ဂါနေ့) မှ အောက်တိုဘာ ၂ ရက်(စနေနေ့)အထိ နေ့စဉ်တရားပွဲများဖြင့် ပူဇော်သွားမည်ဟု သိရသည်။ **(က–ပ)**

လွှမ်းမိုးသူအဆင့်မြင့်အိတ်မျိုးစုံဆိုင်၏
(၇) နှစ်မြောက် အထိမ်းအမှတ် အိတ်ရောင်းပွဲတော်
HLWAN MOE THU BIG BAG SALES FESTIVAL
(25.9.04 မှ 10.10.04 အထိ) နံနက် ၁၁း၀၀ နာရီမှ ညနေ ၄း၀၀ နာရီ
Free Gift Cupon ... Free Gift Cupon ... Special Sales Bags ...
လွှမ်းမိုးသူအိတ်ဆိုင် – A - 11, 12, 1st Floor, YUZANA PLAZA, Mingalar Taung Nyunt Tsp.,



**စက်တင်ဘာ ၁၉ရက်က မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက်ရှိ နိုင်ငံသား အရည်အချင်း ပြည့်မီသူ ၃၀၀ အား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲ ကျင်းပရာ မြို့နယ်မှူး ဦးကျော်ညွှန့်က တစ်ဦးချင်းသို့ နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (က–ပ)**

စိန်ရွှေရတနာဆိုင်
ဈေး က တည်း က စ ကား လေး ပါ... ရွှေ ဆို တာ ...
မ ရှိ ဝယ်၊ စာ ရှိ ထန် ဆာ တဲ့ ...
526214
723469

MCC ၏ လက်တွေ့အကျိုးရှိ ထိထိမိမိ သင်တန်းများ
◆ LCCI Introduction Course
... LCCI ... MS Excel ...
◆ Company Accountant Course

နန္ဒာသိန်းဇံ
ပြောရင်းပြောနေမည့် ချစ်ခြင်းမေတ္တာ
ထွက်ပြီ
EIGHT DRAGON BOOKS Ph: 09-80-22604

SoftGuide Computer
- Microsoft Office XP
- Graphic Design
- D.T.P
- Turbo C++
- Visual Basic
- Auto CAD
- Special Course for Kid's
- Computerized Accounting (ACCPAC) (Peachtree)
ရန်ကုန် ☎ 382188, 09-80-23762
ပြည် ☎ 053-24269

SWEETY HOME INDUSTRY Co.,Ltd. ၏ အထူးအစီအစဉ်
5% to 15% OFF
မန္တလေးမြို့တွင် မင်္ဂလာ Furniture Centre ကြီး
အောင်မြင်စွာ ဖွင့်လှစ်ခြင်းကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်အထူး Discount များဖြင့် ရောင်းချပေးပါမည်။
Ygn : 01-501611, 501622 Mdy: 02-34021, 38684
The Best ... 15 % Off
... 5 % Off
... 10 % Off
Sweety Home Show Room များနှင့် ... (17-9-2004) မှ (30-9-2004) အတွင်း ဝယ်ယူနိုင်ပါသည်။

# ကျေးလက်အနှံ့ ဖွံ့ဖြိုးတိုးတက်နေသော ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်လုပ်ငန်း

ပုသိမ်ကြီးမြို့နယ် ထုံးဘိုကျေးရွာ ကိုယ့်အားကိုယ်ကိုး"ပညာ့အလင်းရောင်" စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၈ရက်က ကျင်းပရာ ဥက္ကဋ္ဌ ဦးထွန်းထွန်းမြင့်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးမျိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)



## လင်းရောင်ခြည် စာကြည့်တိုက်ဖွင့်

တောင်ကြီးမြို့နယ် မိုင်းသောအရှေ့ ကျေးရွာအုပ်စု-တောင်နီ စံပြကျေးရွာ"လင်းရောင်ခြည်" ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ်၂၉ရက်က ကျင်းပရာ တောင်ကြီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဒေါ်မေမေနီနှင့် ကျေးရွာဥက္ကဋ္ဌ ဦးတင်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင်ပြန်/ဆက်)



တပ်ကုန်းမြို့နယ် ရွေးစုကျေးရွာအုပ်စုရှိ "အလင်းရောင်"ကိုယ့်အားကိုယ်ကိုး စာကြည့် တိုက် ဖွင့် ပွဲ အ ခမ်း အ နား ကို စက်တင်ဘာ ၃ရက်က ကျင်းပရာ မြို့နယ် ပြန်ကြား ရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးမှူး ဦးဌေးဝင်းနှင့် ကျေးရွာ ဥက္ကဋ္ဌ ဦးမောင်အောင် တို့က စာ ကြည့် တိုက် ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)



## ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့



ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ "ရပ်ရွာပညာပဒေသာဌာန" စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ၁၈ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးမျိုးအောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်သောင်းသောင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဦးစိုင်းသာလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၀၆)

ပလက်ဝမြို့နယ် ပြန် ကြား ရေး နှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနမှ တွီကင်းဝ ကျေးရွာ ပြည်သူများ နှင့် ပူး ပေါင်း ၍ ကိုယ့်အား ကိုယ်ကိုး "ကီမို"စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၇ရက်က တွီကင်းဝ ကျေးရွာ စာကြည့်တိုက် ရှေ့၌ ကျင်းပစဉ်။

(မြို့နယ် ပြန်/ဆက်)



## လူငယ်စာကြည့်တိုက်

မုံရွာခရိုင် အရာတော်မြို့နယ်တွင် စက်တင်ဘာ ၁ရက်က ဘောင်းကျကျေးရွာ၌ "လူငယ်"ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနား ကျင်းပရာ မြို့နယ်အသင်းအတွင်းရေးမှူး ဦးကျော်မြင့်၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဦးညွန့်သိန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်စိန်တို့က လူငယ်စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)



## ဖဲကြိုးဖြတ် ဖွင့်လှစ်

တောင်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကြီးမှူး၍ "သုတပဒေသာ"ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၁၀ရက်က တောင်သာမြို့နယ် ချောင်းပေါက်ကျေးရွာတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစောသန်းဆွေနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)



# မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ထိုင်းပညာရေးဆွေးနွေးပွဲနှင့်ပြပွဲ-၂၀၀၄ ဖွင့်ပွဲအခမ်းအနား တက်ရောက်အားပေးချီးမြှင့်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံပညာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Adisai Bodharamik နှင့် ဧည့်သည်တော်များနှင့်အတူ ပထမအကြိမ် ထိုင်းပညာရေးဆွေးနွေးပွဲနှင့် ပြပွဲ-၂၀၀၄ ဖွင့်ပွဲအခမ်းအနားအပြီးတွင် စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)



**ရန်ကုန် စက်တင်ဘာ ၂၅**

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ ပညာရေးဝန်ကြီးဌာန အဆင့်မြင့် ပညာရေးကော်မရှင်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးတို့ ပူးပေါင်းကျင်းပသည့် ပထမအကြိမ် ထိုင်းပညာရေးဆွေးနွေးပွဲနှင့် ပြပွဲ-၂၀၀၄ (Thai Education Seminar & Exhibition-2004)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ***စာမျက်နှာ ၃ ကော်လံ ၁*** ■



ဩဂုတ် ၂၅ ရက်က အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အထွေထွေရောဂါကုဆေးရုံသစ်ကြီး(ရန်ကုန်)၌ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ဆောင်ရွက်သည့် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ကြည့်ရှုအားပေးပြီး ခွဲစိတ်အထူးကု ဆရာဝန်ကြီးများအား ဤသို့ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။ (သတင်းစဉ်)

## နိုင်ငံတော်ကိုယ်စား ချီးကျူးဂုဏ်ပြု

မြန်မာ့ဆေးပညာသမိုင်း၌ မော်ကွန်းရေးထိုးရမည့် အသည်းအစားထိုး ခွဲစိတ်ကုသမှု အောင်မြင်သည့် အထိမ်းအမှတ်အနေဖြင့် ယင်းသို့ အောင်မြင်အောင် ပါဝင်စွမ်းဆောင်ပေးခဲ့ကြသည့် ခွဲစိတ်အထူးကုဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၊ မေ့ဆေးဆရာဝန်ကြီးများ၊ သူနာပြုများအပါအဝင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သူများကို နိုင်ငံတော်ကိုယ်စား ချီးကျူးဂုဏ်ပြုရခြင်း ဖြစ်သည်။

**သတင်းအကျယ် (စာ - ၁၁)**



စက်တင်ဘာ ၃ ရက်က အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံသစ်ကြီး အထူးကုလူနာဆောင် အထူးကြပ်မတ်ကုသခန်း၌ အသည်းအစားထိုး ခွဲစိတ်ကုသမှု အောင်မြင်စွာ ခံယူရရှိခဲ့သည့် ကိုခင်ဇော်ထက်၏ ကျန်းမာရေးကောင်းမွန်ပြီး ကြည်လင်ရွှင်လန်းစွာရှိနေမှုကို ဝမ်းမြောက်ဝမ်းသာစွာ ကြည့်ရှုပြီး အားပေးစကားပြောကြားခဲ့စဉ်။ (သတင်းစဉ်)

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**မြန်မာ့အလင်း ခေါင်းကြီး သတင်း ဆောင်းပါး အညွှန်း**

❖ "ယနေ့ကာလတွင် မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများသည် ယခင်ခေတ်ကာလနှင့်မတူ ပိုမို၍ ထူးထူးခြားခြား တိုးတက်ဖြစ်ထွန်းနေသည်ကို မျက်ဝါးထင်ထင်မြင်တွေ့နေရသည်။" **ခေါင်းကြီး (စာ - ၂)**

❖ "စက်တင်ဘာ ၂၄ ရက်အထိ အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၁၀၄၂ ဦး ရှိသွားပြီ" **နိုင်ငံတကာသတင်း (စာ - ၄)**

❖ "နလုံးရောဂါကင်းဝေးစေရေးအတွက် ငယ်ရွယ်စဉ်ကပင် ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်ပြုမူတတ်လာစေရန်နှင့် လူကြီးဘဝတွင် ကျန်းမာသောနလုံးသားပိုင်ရှင် ဖြစ်လာစေရန်အတွက် ပြည်သူတစ်ရပ်လုံး ကြိုးပမ်းဆောင်ရွက်သင့်" **ပါမောက္ခဒေါ်ခင်မေစန်း ဆောင်းပါး (စာ - ၁၀)**

26-9 (20).p65 1 24.03.1905, 1:32 PM